# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၆၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံမှ ပြန်လည်ထွက်ခွာ၊ ရုရှားနိုင်ငံ ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်းသို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၈

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတမစ္စတာ လူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ နိုင်ငံတော်အဆင့် (Offical State Visit) ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာရာ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့်တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာစဉ် ဘယ်လာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့သည်

*စာမျက်နှာ ၃ ကော်လံ ၁ ➜*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

**ယနေ့ ဖတ်စရာ**

**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၅) (ကုန်ထုတ်သမဝါယမအသင်းများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ)**

ဆောင်းပါး စာ ၁၀




**အာတမစ်အစီအစဉ်၏ လကမ္ဘာခရီးစဉ်အတွက် အာကာသယာဉ်အား နာဆာ ထုတ်ဖော်ပြသ**

နိုင်ငံတကာသတင်း စာ ၁၄



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင့်စ်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov နှင့်တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

*○ ရှေ့ဖုံးမှ*

ရုရှားနိုင်ငံ ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ဆာမားရားမြို့ ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. A.V Fedor–ishchev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံသို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ယင်းနောက် အစည်းအဝေးခန်းမတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား အာကာသနည်းပညာကို ငြိမ်းချမ်းစွာအသုံးချရေး ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးရှိမည့် ဂြိုဟ်တုလွှတ်တင်ရေး ဆိုင်ရာကိစ္စရပ်များ၊ အာကာသနည်းပညာသင်တန်းများ တက်ရောက်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဆာမားရားမြို့တို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် အခြားပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**ရှင်းလင်းတင်ပြ**

ငင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက State Space Corporation မှ ဂြိုဟ်တုများအားအသုံးပြု၍သဘာဝဘေးအန္တရာယ်များ စောင့်ကြည့်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး သုတေသနပြု ဆောင်ရွက်နိုင်မှု အခြေအနေများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မှု အခြေအနေများ၊ ဂြိုဟ်တု ဓာတ်ပုံရိုက်ကူးရေးနှင့် ဂြိုဟ်တု ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဂြိုဟ်တုလွှတ်တင်မှုဆိုင်ရာကိစ္စရပ်များ၊ ဒုံးပျံတပ်ဆင်ထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ အာကာသစခန်းတည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် အာကာသပြတိုက် အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ရေးအတွက် ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံအတွင်း ဂြိုဟ်တုများ တပ်ဆင်ထုတ်လုပ်မှုနှင့် ဒုံးပျံထုတ်လုပ်မှုများအား လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**လက်ဆောင်ပစ္စည်းအပြန်အလှန်ပေးအပ်**

နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။ ***စာမျက်နှာ ၄ သို့***



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ဆာမားရားမြို့ ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. A.V Fedorishchev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ချစ်ကြည်ရေးခရီးစဉ်တွင်လိုက်ပါလာသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဆာမားရား၌ တွေ့ဆုံဆွေးနွေးစဉ်ပါဝင်သည့် အမျိုးသမီးများအား ဂုဏ်ပြု

**နေပြည်တော် မတ် ၈**

ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှနေ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆာမားရားမြို့သို့ အထူးလေယာဉ်ဖြင့် သွားရောက်ခဲ့သည်။

**ဂုဏ်ပြုစကားပြောကြား**

ထိုသို့ သွားရောက်နေစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များအား အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အထူးလေယာဉ်ပေါ်၌ ဂုဏ်ပြုစကားပြောကြားခဲ့သည်။

**သွားရောက်လေ့လာ**

အလားတူ ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း၊ JSC Progress စက်ရုံသို့ သွားရောက်လေ့လာစဉ်၌လည်း JSC Progress စက်ရုံမှ အမျိုးသမီးများအား အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုစကားပြောကြားခဲ့သည်။



## ဂုဏ်ပြုစကား ပြောကြား

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံမှ အမျိုးသမီးများအား အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုစကားပြောကြားစဉ်။

**ဂုဏ်ပြုပန်းစည်းပေးအပ်**

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် အမျိုးသမီး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဆာမားရားမြို့မှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပန်းစည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဆာမားရားမြို့မှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပန်းစည်းများ ပေးအပ်စဉ်။**

*စာမျက်နှာ ၃ မှ*

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ ဦးဆောင်သည့် အဖွဲ့ဝင်များသည် ဆာမားရားဒေသဆိုင်ရာ အစိုးရ ဒုတိယအကြီးအကဲ၊ ဒေသဆိုင်ရာ ပညာရေးဝန်ကြီး၊ စက်မှုစီးပွားရေး ဇုန်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ Space Rocket ဆိုင်ရာ Progress မှ တာဝန်ရှိသူများနှင့် သီးခြားတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ဆာမားရားဒေသနှင့် တာလီကာတီ ဒေသတို့အကြား စက်မှုကဏ္ဍ၊ ဓာတ်မြေဩဇာ ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍ၊ ပညာရေးကဏ္ဍတို့တွင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်နှစ်နိုင်ငံအကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**ပြန်လည်ဖြေကြား**

ဆွေးနွေးပွဲ အပြီးတွင် ဆာမားရားမြို့မှ မီဒီယာများက ချစ်ကြည်ရေး ခရီးစဉ်နှင့် ပတ်သက်၍ မေးမြန်းမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြန်လည် ဖြေကြားခဲ့သည်။

**ကြိုဆိုနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဒေသစံတော်ချိန် ညပိုင်းတွင် နိုဗာစီဗစ်မြို့ သာမာချဲဗာလေဆိပ်သို့ရောက်ရှိကြရာ နိုဗိုစီဗစ်ဒေသ အစိုးရအဖွဲ့အကြီးအကဲ၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**Roscosmos အာကာသကော်ပိုရေးရှင်း၊ JSC Progress စက်ရုံအတွင်း တပ်ဆင်ထုတ်လုပ်သည့် ဂြိုဟ်တုများနှင့် ဒုံးပျံများ။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ် ၃ ရက်တွင် သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွက် အပြုသဘော ဆောင်သောကောင်းမွန်သည့် ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာနိုင်ငံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA (ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇဝဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနဿနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံပန်းချီ ပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တို့မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထား ထုတ်ပြန်ကြေညာခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်းအတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေး အကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံ ဇဝဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ် ၈ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သမိုင်းဝင်အောင်မြင်မှုများ ရရှိခဲ့သည့် အတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံတော်တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံ ဇဝဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဇဝဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ် ၈ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတ နိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများအတွက် အောင်မြင်မှုများစွာ ဖော်ဆောင်နိုင်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## သနဿနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ် ၈ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ အထူးဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို အပြုသဘောဆောင်သည့် တိုးတက်မှုများ ရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် သနဿနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားကြေညာအပ်ပါသည်။

သနဿနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ် ၈ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများမှ အကြီးအကဲများ၏ ချစ်ကြည်ရင်းနှီးစွာ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံနှင့် လူမျိုးတို့အတွက် လူမှုစီးပွားဘဝတိုးတက်အောင် သမိုင်းဝင် အောင်မြင်မှုများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရချစ်ကြည်ရေးခရီး များသွားရောက်ခဲ့ပြီး မြန်မာ-ရုရှား၊ မြန်မာ-ဘယ်လာရုစ် မိတ်ဖက်နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာများ၊ အားကစားကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှု စာချွန်လွှာများ လဲလှယ်နိုင်ခဲ့မှုအပေါ် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်းရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နာယက၊ ဥက္ကဋ္ဌနှင့်
အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)
## ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချွန်လွှာများအား ဆွေးနွေးညှိနှိုင်း လက်မှတ်ရေးထိုးခြင်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှုအပေါ် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏
## သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

### ဂုဏ်ယူဝမ်းမြောက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putinနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေကြောင်း **မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ခိုင်ခိုင်မာမာ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ၊
ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်ကောင်စီဝင်များ
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(MPC)

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက
## ဝမ်းမြောက်ဂုဏ်ယူဆုမွန်စကား

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တို့ အောင်မြင်မှု၏ ခရီးစဉ်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့် စီးပွားတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည်များကို နှစ်ထောင်းအားရဝမ်းသာပီတိဖြစ်ရသည်နှင့်အတူ ဆတက်ထမ်းပိုးအောင်မြင်မှုရပါစေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက လှိုက်လှိုက်လှဲလှဲဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မတ် ၈**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ကရင်ပြည်နယ်တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဝန်ကြီးဌာနလက်အောက်ရှိ ဌာနများက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဝန်ကြီးဌာနလက်အောက်ရှိဌာနများက မန္တလေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် မတ် ၆ ရက် မွန်းလွဲပိုင်းက ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်မှ မန္တလေးသို့ အမှတ် (၂၇) အဆန် လေအိတ်ရထားဖြင့် ထွက်ခွာ၍ ရထားလမ်းပိုင်းကြံ့ခိုင်မှုကို စစ်ဆေးပြီး ပိုမိုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မတ် ၇ ရက် နံနက်ပိုင်းတွင် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာ (စက်ရုံ) က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် လူစီးတွဲနှင့် ကုန်တွဲများအား လမ်းပိုင်းများတွင် အသုံးပြုရန် လိုအပ်ချက်နှင့်ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုအပေါ် မူတည်၍ ပြင်ဆင်ရေး၊ ကုန်သေတ္တာတင်ဆောင်နိုင်သောတွဲ (Flat Wagon)များအပါအဝင်



ခရီးသည်နှင့် ကုန်စည် သယ်ယူပို့ဆောင်မှုပမာဏကို အမြဲမပြတ် လေ့လာသုံးသပ်၍ ဖြည့်တင်းရေး၊ စက်ရုံအတွက် ဝန်ထမ်းများ ဖြည့်တင်းရေးနှင့် အရည်အသွေးမြင့်မားစေရန် လေ့ကျင့်ပျိုးထောင်ရေး မှာကြားပြီး စက်ရုံအတွင်း လူစီးတွဲများနှင့် ကုန်တွဲများ ပြုပြင်မှု၊ တွဲအရန်ပစ္စည်းများ ထုတ်လုပ်မှု၊ ရိုးရိုးတန်း လူစီးတွဲများအား စာတိုက်တွဲများအဖြစ် ပြောင်းလဲမွမ်းမံတည်ဆောက်မှု၊ ကုန်သေတ္တာတင်တွဲတည်ဆောက်ရေးအတွက် လေ့လာဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အနီးစခန်းလေဆိပ်သို့ ရောက်ရှိရာ လေဆိပ်ညွှန်ခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေဆိပ်အဆင့်မြှင့်တင်ရေးကိစ္စရပ်များအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြင်ဦးလွင်ဘူတာသို့ သွားရောက်စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရှေးဟောင်းအဆောက်အအုံများဖြစ်သည်နှင့်အညီ ရေရှည်တည်တံ့စေရန် စနစ်တကျ ပြုပြင်ထိန်းသိမ်းမွမ်းမံရေးနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သင့်သည်များကို အစီအမံရေးဆွဲတင်ပြရန် မှာကြားပြီး ဘူတာယာဒ်ဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မတ် ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန် – မန္တလေးရထားလမ်းပိုင်း စမုံဘူတာနှင့် သပြေတောင်းဘူတာကြားရှိ ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသော စမုံမြစ်ကူးတံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စမုံမြစ်ကူးတံတားလုပ်ငန်းခွင် ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် တံတားကြံ့ခိုင်ရေးအတွက် ကမ်းထိန်းနံရံတည်ဆောက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သာစည်ဘူတာသို့ RBE ရထားဖြင့် ဆက်လက်ထွက်ခွာပြီး ဘူတာယာဒ်ဝင်းအတွင်း လူစီးတွဲ၊ ကုန်တွဲများ၊ စက်ခေါင်းများထားရှိမှု၊ ဘူတာယာဒ်ဝင်းအတွင်း ခရီးသည်များ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အထူးကွင်းဆင်းဆေးကုသ

**နေပြည်တော် မတ် ၈**

မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် တိုင်းရင်းဆေးရုံကြီးမှ တာဝန်ရှိသူများသည် ယနေ့တွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းရုံး (ဗဟို)၌ အထူး ကွင်းဆင်းဆေးကုသခြင်းများ ဆောင်ရွက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဋ္ဌေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ်အတွင်းမှ လာရောက်ပြသသည့် ဒေသခံပြည်သူများကို တိုင်းရင်းဆေးဖြင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး၍ တိုင်းရင်းဆေးဝါးများ လက်ဆောင်ဝေငှကြသည်။

**ကျန်းမာရေးအသိပညာပေး**

ယင်းနောက် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဝင်းက တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာနှင့် အနာရောဂါကင်းရှင်းပြီး ကျန်းမာသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးဟောပြောသည်။



အဆိုပါကွင်းဆင်း ဆေးကုသရေးအစီအစဉ်တွင် ခုတင်(၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ(နေပြည်တော်)မှ ဆေးရုံအုပ်ကြီး ဒေါ်မူမူချို ဦးဆောင်သော ဆေးကုသရေးအဖွဲ့ဝင် ၁၅ ဦးတို့က တိုင်းရင်းဆေးဝါးများဖြင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဒူးနာ၊ ခါးနာ၊ ကျီးပေါင်းရောဂါများ၊ အဆစ်ရောင်အဆစ်နာရောဂါများ၊ ထုံနာ၊ ကျဉ်နာ၊ လေငန်း၊ လေဖြတ်၊ အာရုံကြောအားနည်း ရောဂါရှင်များ စုစုပေါင်း ၁၇၅ ဦးအား ကုသပေးကြပြီး လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုအဖြစ် သောက်ဆေး၊ လိမ်းဆေးပေးခြင်း၊ အကြောပြင်ကုသခြင်း၊ ကျပ်ထုပ်ထိုးကုသခြင်း၊ ဆေးစည်း၊ ဆေးကပ်ခြင်းနှင့် အာရုံကြောရောဂါများကို မိုးကြိုးသွားဖြင့် ကုသမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

**နေပြည်တော် မတ် ၈**

၈-၃-၂၀၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန် ပူးတွဲကြေညာချက်များနှင့် ပြောကြားချက်များ”မှ အဆက် စာမျက်နှာ ၇ ကော်လံ ၃ တွင် ပါဝင်သည့် “ **Sanctions လုပ်တယ်ဆိုလို့ရှိရင် Sanctions လို့ခေါ်တဲ့ အဖွဲ့အစည်းတွေ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အတိုက်အခိုက်ခံရတဲ့ Software တွေက အင်အားစုစည်းမှုကို ပိုမိုရရှိစေပြီးတော့မှ ပြိုင်ဆိုင်မှုတွေကို ပြင်းထန်လာစေမယ်ဆိုတာကိုလည်း သတိပြုစေလိုပါတယ်**” ဟူသည့် စာသားအစား “**Sanctions လုပ်တယ်ဆိုလို့ရှိရင် Sanctions လုပ်ခံရတဲ့ အဖွဲ့အစည်းတွေ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အင်အားစုစည်းမှုကို ပိုမိုရရှိစေပြီးတော့မှ ပြိုင်ဆိုင်မှုတွေကို ပိုမိုပြင်းထန်လာစေမယ်ဆိုတာလည်း သတိပြုမိဖို့လိုပါတယ်**” ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်သူလူထုလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများ တိုးတက်ရရှိစေရန်အတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသောဝန်ထမ်းများအား ဂုဏ်ပြု

**နေပြည်တော် မတ် ၈**

ပြည်သူလူထုလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများ တိုးတက်ရရှိစေရန်အတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသောဝန်ထမ်းများ ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရဲရွာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းခေတ္တဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းရသည့် ဓာတ်အားလိုင်းသည် ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် တာဝါတိုင် တစ်တိုင်ပျက်စီးခဲ့ခြင်းနှင့် ဓာတ်အားလိုင်းကြိုး ၂၆ နေရာ ပြတ်ကျခဲ့ခြင်းများ ဖြစ်ပွားခဲ့ပြီး ဓာတ်အားပြတ်တောက်ခဲ့ရာ ပျက်စီးမှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စက်တပ်ဆင်ဝန်အား ၄၀၀ မဂ္ဂါဝပ် ထုတ်လုပ်မှုမှာ လျော့နည်းခဲ့၍ နိုင်ငံတော်အနေဖြင့် ပြည်သူလူထုကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု လျော့နည်းခဲ့ရပါကြောင်း၊ ဓာတ်အားလိုင်းပြုပြင်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ ဦးဆောင်တာဝန်ပေးအပ်မှုကြောင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်အားလိုင်းပြုပြင်ရေးအဖွဲ့များသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ရာ သုံးလခန့်ကြာသည်အထိ ပြုပြင်ရေးလုပ်ငန်းများကို ဝန်ထမ်းအင်အား ၆၈ ဦးဖြင့် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ရပါကြောင်း။

နိုင်ငံတော်အတွင်း ဓာတ်အားလိုင်းများ ဖျက်ဆီးခံရမှုကြောင့်လည်းကောင်း၊ ရာဂီသဘာဝဘေးအန္တရာယ်ကြောင့် ဓာတ်အားပေးစက်ရုံများ ချွတ်ယွင်းမှုကြောင့်လည်းကောင်း၊ ဓာတ်ငွေ့လျော့နည်းရရှိမှုကြောင့်လည်းကောင်း၊ ဓာတ်အားစနစ်တွင် ဓာတ်အားထုတ်လုပ်မှု စုစုပေါင်း ၁၄၄၀ မဂ္ဂါဝပ် လျော့နည်းကာ ပြည်သူလူထုကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု လျော့နည်းနေချိန်တွင် အဆိုပါဝန်ထမ်းများသည် သက်စွန့်ဆံဖျား ပင်ပန်းဆင်းရဲခံ၍ ပြုပြင်ရေးလုပ်ငန်းများကို သုံးလတာကာလအတွင်း အန္တရာယ်များကြားမှ ဆောင်ရွက်ခဲ့ခြင်းကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စက်တပ်ဆင်ဝန်အား ၄၀၀ မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ပြန်လည်ထုတ်လုပ်၊ ပို့လွှတ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံ ပြုပြင်ခဲ့ခြင်းလုပ်ငန်းများတွင် စွမ်းစွမ်းတမံ သက်စွန့်ကြိုးပမ်း သွားရောက်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအားလုံးနည်းတူ ဌာနချုပ်များမှ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးဆောင်ရွက်ခဲ့ရသည့် ဝန်ထမ်းများအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် လုပ်ငန်းခွင်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် လိုင်းဝန်ထမ်းကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားလိုင်း ကွင်းဆင်းစစ်ဆေးပြုပြင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ပင်မဓာတ်အားခွဲရုံ စစ်ဆေးပြုပြင်မောင်းနှင်သည့် ဝန်ထမ်းများနှင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ရင်း အသက်ဆုံးပါးသွားသော ဝန်ထမ်း၏ဇနီးဖြစ်သူတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဂုဏ်ပြုဆုငွေများနှင့် ဒုတိယဝန်ကြီးက ဓာတ်အားလိုင်းပြုပြင်ရာတွင် အထောက်အကူပြုအဖွဲ့၌ပါဝင်သော ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဂုဏ်ပြုလန်းဆန်းစာ အတူတကွ သုံးဆောင်ခဲ့ကြသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည့် ဓာတ်အားခွဲရုံများ တည်ဆောက်၊ မောင်းနှင်၊ ထိန်းသိမ်းပြုပြင်ခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၂၅) နှင့် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ ထူးချွန်ဆုရ သင်တန်းသားများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး

**ရန်ကုန် မတ် ၈**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်မြို့ မြန်မာနိုင်ငံဘဏ်များအသင်းရှိ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း၊ မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက အဂတိလိုက်စားမှုပုံစံများသည် နည်းပညာများ ထွန်းကားလာသည်နှင့်အမျှ ပုံစံအမျိုးအမျိုး ဖြစ်ပေါ်နေပါကြောင်း၊ အဂတိလိုက်စားမှုကျူးလွန်သူ အများစုသည် အဂတိလိုက်စားမှုမှ ရရှိလာသည့် ငွေကြေးနှင့် ပစ္စည်းများကို အသွင်ပြောင်းပြီး ဘဏ်များတွင် အပ်နှံခြင်း၊ လွှဲပြောင်းပေးပို့ခြင်းများ လုပ်ဆောင်ကြလေ့ရှိပါကြောင်း။

ဘဏ်လုပ်ငန်း ကဏ္ဍတွင် တွေ့ကြုံနိုင်သည့် အဂတိလိုက်စားမှုပုံစံများအနေဖြင့် ချေးငွေလိမ်လည်လျှောက်ထားမှုများတွင် တိကျသေချာစွာ စိစစ်မှုမရှိခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ Customer များထံမှ အခကြေးငွေ ရယူ၍ စာရွက်စာတမ်းများကို ကူညီဆောင်ရွက်ပေးခြင်း၊ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များကို ကျော်လွှားနိုင်ရေးအတွက် အကြံဉာဏ်ပေးခြင်း၊ လုပ်ပိုင်ခွင့်အာဏာရှိသူ သို့မဟုတ် မသမာသော နည်းလမ်းဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များက တရားမဝင်ရရှိလာသည့် ငွေကြေးများကို ငွေဖြူအဖြစ်ပြောင်းလဲရန် တရားဝင် ဆောင်ရွက်နေသည့် ဘဏ်လုပ်ငန်းများတွင် အပ်နှံခြင်းတို့ကို တွေ့ကြုံနိုင်ကြောင်း။

**ဆန်းစစ်သုံးသပ်**

ထို့အတူ လူပုဂ္ဂိုလ်တစ်ဦးတည်းက ငွေကြေးများကို ခြေရာဖျောက်ရန် ရည်ရွယ်ချက်ဖြင့် ဘဏ်တစ်ခုတွင် ငွေစာရင်းအမှတ်များစွာ ဖွင့်၍လည်းကောင်း၊ အခြားဘဏ်များတွင် ငွေစာရင်းများ ဖွင့်၍လည်းကောင်း ငွေကြေးဆိုင်ရာ အစိုးရဝန်ထမ်းများကို မျက်ခြည်ဖြတ်ခြင်း စသည့်ပုံစံများလည်း တည်ရှိနိုင်ကြောင်း၊ ထို့ကြောင့် ဘဏ်လုပ်ငန်းများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် ကျင့်ဝတ်စည်းကမ်းဆိုင်ရာ စံနှုန်းများ မြင့်မားစွာ ချမှတ်ထားရန်၊ လိုက်နာဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်တွင် အပြန်အလှန်ထိန်းကျောင်းမှုစနစ်နှင့် ချမှတ်ထားသည့် စည်းမျဉ်းများအပေါ် ပြန်လည် ဆန်းစစ်သုံးသပ်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**ဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# မိုင်းရှူးမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**မိုင်းရှူး မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ ယနေ့နံနက် ၉ နာရီက မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြသခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇင်ဖြိုးက မီးအခြေခံသဘောတရား၊ မီးလောင်မှုအကြောင်းရင်း၊ မီးလောင်မှုအမျိုးအစားများ၊ အရေးပေါ်မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများအသုံးပြု၍ လက်တွေ့သရုပ်ပြသသည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ဟောပြောပွဲနှင့်မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်နှင့်အဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ တက်ရောက်ကြောင်း သိရသည်။ **သန်းလူ (ပြန်/ဆက်)**

# ကလောမြို့နယ်၌ ပထမအကြိမ် ထနော့အမျိုးသားနေ့အခမ်းအနားကျင်းပ



**ကလော မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် တောင်ပို့လှကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပထမအကြိမ် ထနော့အမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး၊ သယံဇာတရေးရာ ဝန်ကြီး၊ ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ထနော့တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး ထနော့တိုင်းရင်းသား အဖွဲ့က ထနော့အလံလွှင့်တင်၍ အလေးပြုခဲ့ကြသည်။

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်ထံမှ ပထမအကြိမ် ထနော့အမျိုးသားနေ့အတွက် ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်းက ဖတ်ကြားပြီး ထနော့အမျိုးသားနေ့အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ချီးမြှင့်သည့် ချီးမြှင့်ငွေကို ပြည်နယ် သယံဇာတရေးရာ ဝန်ကြီး ဦးစိုင်းလိတ်က ပေးအပ်ရာ ထနော့အမျိုးသားနေ့ပွဲတော် ကျင်းပရေးကော်မတီက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ထနော့တိုင်းရင်းသားတို့၏ ရိုးရာအကအလှတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့ကော်ဖီကို အရည်အသွေးမြင့်ကုန်ပစ္စည်းအဖြစ် ထုတ်လုပ်တင်ပို့နိုင်ပါက ကမ္ဘာ့ဈေးကွက်တွင် နေရာရလာနိုင်






နေပြည်တော် မတ် ၈

သစ်သီးအခြေခံ စားသောက်ကုန်နှင့် ဝိုင်၊ နို့နှင့်နို့ထွက်ပစ္စည်း၊ ကော်ဖီ ထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နေပြည်တော်ရှိ ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ MSME Agency မှ တာဝန်ရှိသူများ၊ စားသောက်ကုန်ထုတ်လုပ်သည့် တတ်သိပညာရှင်များ၊ MSME လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်သည်။ (ယာပုံ)

**အထောက်အကူပြုစေမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒေသထွက်သစ်သီးများမှ ထုတ်လုပ်သော ဝိုင်အမျိုးမျိုးကိုလည်း မိရိုးဖလာစနစ်မှ ခေတ်မီနည်းပညာများကို အသုံးပြု၍ အဆင့်မြှင့်ပြောင်းလဲထုတ်လုပ်မည်ဆိုပါက နိုင်ငံတကာဈေးကွက်အသစ်များရရှိနိုင်ပြီး ဒေသထွက်ဝိုင်လုပ်ငန်းအား ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊

နို့ကိုအခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန် ပစ္စည်းများအား အရည်အသွေးမြင့်မားစွာ ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီ ထုပ်ပိုးမှုစနစ်အမျိုးမျိုးဖြင့် ဆန်းသစ်လုပ်ပစ္စာထုတ်လုပ်နိုင်ရန် အကြံဉာဏ်များ၊ နည်းပညာများနှင့် ဝိုင်းဝန်းပံ့ပိုးပူးပေါင်းဆောင်ရွက်လျှင် ပြည်ပဈေးကွက်သို့တိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ကြိုက်နှစ်သက်သော မြန်မာ့ကော်ဖီအား အနံ့၊ အရသာ၊ အရောင်အသွေး၊ ထုပ်ပိုးမှုဒီဇိုင်းတို့ ကောင်းမွန်ပြည့်စုံစွာဖြင့် အရည်အသွေးမြင့် ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့မည်ဆိုပါက မြန်မာ့ကော်ဖီဈေးကွက် ခိုင်ခိုင်မာမာရပ်တည်နိုင်လျက် ကမ္ဘာ့ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် နေရာရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အေးသာယာဝိုင်ထုတ်လုပ်သည့်လုပ်ငန်းရှင်၊ မြန်မာနိုင်ငံစားသောက်ကုန် တင်ပို့ရောင်းချသူများအသင်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးစွမ်းဆောင်ရှင်များကွန်ရက်နှင့် ကော်ဖီလုပ်ငန်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခြင်းများဆောင်ရွက်ပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် မရှင်းလင်းသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ဖြေကြားကာ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**Virtual စနစ်ဖြင့် ပါဝင်တက်ရောက်**

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ တတိယအကြိမ် ဒသမပုံမှန်အစည်းအဝေး (၁/၂၀၂၅) ကို နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကောင်စီ၏လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သည်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ကောင်စီအတွင်းရေးမှူးက ကျင်းပခဲ့ပြီးသော ပုံမှန်အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးလေးခု၏ ဆုံးဖြတ်ခဲ့ပြီးသော ဆုံးဖြတ်ချက်များကို တင်ပြအတည်ပြုချက်ရယူခြင်း၊ တွဲဖက်အတွင်းရေးမှူး-၂ က ကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ကောင်စီဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးအခြေအနေများ၊ ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပ






နေပြည်တော် မတ် ၈

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များနှင့် ဇနီးများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးအဖွဲ့အစည်းများမှဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ၂၀၂၅ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ လူဦးရေသန်းရှစ်ထောင်ကျော်ရှိသည့်အနက် ကမ္ဘာ့အမျိုးသမီးသည် သန်းလေးထောင်ကျော် ၄၉ ဒသမ ၇၃ ရာခိုင်နှုန်းရှိကြောင်း၊ ယခင်နှစ်စာရင်းများအရ ကမ္ဘာတစ်ဝန်း လက်နက်ကိုင်ပဋိပက္ခများအကြားတွင် အမျိုးသမီးနှင့် မိန်းကလေးငယ် ၆၁၂ သန်း ရင်ဆိုင်ကြုံတွေ့ခဲ့ကြရကြောင်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UN–CEDAW) နှင့်အညီ အမျိုးသမီးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်အားလုံးတွင် အမျိုးသမီးများ၏ပါဝင်မှုကို တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသကဲ့သို့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကိုလည်း လျော့နည်းပပျောက်သွားအောင် အသိပညာပေးခြင်း၊ ကူညီစောင့်ရှောက်ခြင်းများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

အမျိုးသမီးများ အကြမ်းဖက်မှုကြုံတွေ့ရပါက သတင်းပို့တိုင်ကြားနိုင်ရန် ၂၄ နာရီ Helpline ဖုန်း "1566" ကို ဖွင့်ထားပြီး လူမှုရေးလိုအပ်ချက်များကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၏ ဆောင်ပုဒ်ဖြစ်သော "တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများစွမ်းရည်မြှင့်တင်စို့" နှင့်အညီ အမျိုးသမီးများ၏ အခွင့်အရေးမြှင့်တင်ခြင်းနှင့် အမျိုးသမီးများစွမ်းရည်မြင့်မားလာစေရန် အမျိုးသမီးများကို သိပ္ပံနှင့်နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာဘာသာရပ်နယ်ပယ်တွင် ပိုမိုပါဝင်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးတို့တွင် အမျိုးသမီးစွမ်းပကားမြှင့်တင်ပေးရေး လုပ်ငန်းများကိုလည်း ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် အမျိုးသမီးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ မှတ်တမ်းဗီဒီယိုကို ပြသသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်သူများသည် ခင်းကျင်းပြသထားသော အမျိုးသမီးကျောင်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများ၏ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သတင်းမီဒီယာသင်တန်းအမှတ်စဉ်(၁)ဖွင့်လှစ်



ရန်ကုန် မတ် ၈

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စီစဉ်ဖွင့်လှစ်သည့် သတင်းမီဒီယာ သင်တန်းအမှတ်စဉ်(၁)ကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းမှူးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စတင်သင်ကြားပို့ချပေးသည်။ အဆိုပါသင်တန်းကို မတ် ၇ ရက်မှစတင်၍ အပတ်စဉ်သောကြာနေ့တိုင်း Friday Class အဖြစ် အခြေခံသတင်းစာပညာ၊ သတင်းစာပညာသုံး အင်္ဂလိပ်စာ၊ လူထုဆက်သွယ်ရေး သတင်းပညာ၊ သတင်းစာပညာ သစ်၊ အွန်လိုင်းသတင်းစာပညာ၊ ပုံနှိပ်သတင်းစာပညာ စသည့် ဘာသာရပ်များကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ဘာသာရပ်ဆိုင်ရာ ဆရာများက အခမဲ့ သင်ကြားပေးသွားမည် ဖြစ်သည်။

ယခုသင်တန်းအမှတ်စဉ်(၁)တွင် ပုံနှိပ်မီဒီယာများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရုပ်သံလွှင့်မီဒီယာများ၊ အွန်လိုင်းမီဒီယာများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ပြီး သတင်းမီဒီယာလောက၌ အတွေ့အကြုံရှိသော ဝါရင့်ပညာရှင်များဖြစ်သည့် ဦးခင်မောင်ကျော်ခင်၊ ဦးအေးချမ်း၊ ဒေါက်တာခင်မောင်လွင်နှင့် ဦးမောင်မောင်ဦးတို့က ဆွေးနွေးပို့ချပေးမည်ဖြစ်သည်။

ထပ်မံဖွင့်လှစ်မည့်သင်တန်းများတွင် အဆိုပါဆရာများအပြင် ကောင်စီဝင်ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ပြင်ပပညာရှင်များက ဆွေးနွေးသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၅)

## (ကုန်ထုတ်သမဝါယမအသင်းများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ)

*မြင့်စိုး(နတလ)*




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည်ဆုရ ညောင်ဦးမြို့နယ်သမဝါယမအသင်းစု၏ အနော်ရထာဆီစက်လုပ်ငန်းအား ဆုချီးမြှင့်ပေးအပ်စဉ်။ (၁၄-၂-၂၀၂၅)

### ပျဉ်းမနားကြီး၊ ရေနံမြေဒေးဗစ်နှင့် မောင်တို့ကျိုက်လတ်

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတည်းဟူသော ခေါင်းစဉ်ကြီးအောက်မှာ ကုန်ထုတ်သမဝါယမအသင်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများအကြောင်းကို ကလောင်ရှင် ကျွန်တော် မြင့်စိုး(နတလ)က ရေးသားတင်ပြရန် အစပျိုးလိုက်ချိန်မှာတော့ တစ်ခါကတစ်ဘဝ ရုပ်ရှင်ဇာတ်ကားထဲကလို စိတ်အလျဉ်၏ ခေါ်ဆောင်ရာ အတိတ်ကာလတစ်ခုဆီသို့ ဖျတ်ခနဲ ရောက်သွားပါတော့သည်။

တစ်ခါက တပ်မတော်သား ဖြစ်ခဲ့ဖူးသော ကျွန်တော်၊ ၁၉၉၁ ခုနှစ်မှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အမှတ် (၁) လှုပ်ရှားစစ်ဗျူဟာ (တန့်ယန်း)၏ စစ်ဦးစီးမှူး (တတိယတန်း)ကနေ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးသို့ ဦးစီးအရာရှိ(တတိယတန်း) တာဝန်ဖြင့် ပြောင်းရွှေ့ထမ်းဆောင်ခဲ့ရပါသည်။ ကျွန်တော်မကြာခဏ ရေးပြခဲ့ဖူးသည့်အတိုင်း ထိုအချိန်က ကျွန်တော်တို့ဌာန (ကကနယ်)တွင် ညွှန်ကြားရေးမှူး မရှိသေး။ ဒုတိယညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွေး (အဘထွေး၊ ကွယ်လွန်)ကပဲ အနီးကပ်ကွပ်ကဲပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်း (နောင်တွင် ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန)က တွဲကိုင်နေချိန်ဖြစ်၏။

ဆိုရသော် ကကပြည်နှင့် ကကနယ်တို့သည် ညီအစ်ကိုဌာနများသဖွယ် ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံနေထိုင်ခဲ့ကြသည်မှာ ကာလအတန်ကြာခဲ့၏။ နံနက်ပိုင်း briefing လုပ်လျှင်လည်း အတူတူ၊ ကျွန်တော်တို့ ကကနယ်က ဦးစီးအရာရှိ (ဒုတိယတန်း) ဗိုလ်မှူး ဒေါ်ခင်မျိုးနွယ်က ခင်မျိုးနွယ် (မန်းတက္ကသိုလ်)ဖြင့် စာတွေရေးနေသည်။ အင်္ဂလိပ်စာကောင်းသဖြင့် ဘာသာပြန်တွေလည်း ရေး၏။ ဟိုဘက်ဌာန ကကပြည်ကတော့ အနုပညာရှင်တွေ စုဝေးရောက်ရှိရာ ဌာနကြီးဖြစ်သည်။ နိုင်ငံကျော်စာရေးဆရာ ဒါရိုက်တာတင်သန်းဦး (ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး – ကွယ်လွန်)၊ ပျဉ်းမနားမြင့်လှိုင် (ဗိုလ်ကြီးမြင့်လှိုင်–ကွယ်လွန်)၊ တေးရေး မြသန်းစံ (ဗိုလ်မှူးမြသန်းစံ၊ ယခု အမျိုးသားစာပေဆုရ ဆရာတော်ဘဒ္ဒန္တပညိန္ဒ)၊ စာရေးဆရာ ချမ်းမြအောင် (ဗိုလ်မှူးမြင့်အောင်)၊ ဒုတိယဗိုလ်မှူးကြီး အောင်ကျည်ထွဏ်း (ဗပဆ) တို့အပြင် မြဝတီရုပ်မြင်သံကြားလည်း တည်ဆောက်ထုတ်လွှင့်နေပြီဖြစ်၍ တပ်မှူးတွေ briefing လာတက်ကြရ၏။

briefing မစခင်မှာ အကြောင်းသင့်ရာတွေ ပြောကြသည်။ ရင်းရင်းနှီးနှီး စကြနောက်ကြသည်။ အစ်မကြီး ဗိုလ်မှူး ဒေါ်ခင်မျိုးနွယ်က ပျဉ်းမနားမြင့်လှိုင်ကို မကြာခဏ နောက်ပြောင်တတ်သည်။ ပျဉ်းမနားကြီးရယ်– ဒီနေ့ရုံးကိုလာခါနီး အစ်မရေဒီယိုနားထောင်လိုက်ရတယ် သီလာ၊ သီချင်းလွှင့်ခါနီး ကြေညာတာက ဘာတဲ့… ပျဉ်းမနားမြင့်လှိုင် ရေးစပ်သီကုံးပြီး ရေနံမြေ ဒေးဗစ် သီဆိုထားတဲ့ မောင်တို့ကျိုက်လတ်…ဆိုပဲ။ ရေးတဲ့သူက ပျဉ်းမနားဇာတိ၊ ဆိုတဲ့သူက ရေနံချောင်းကလား၊ ချောက်ကလား၊ ထားပါတော့ ဒီအထိ ငါလက်ခံနိုင်တယ်၊ သီချင်းနာမည်ကျမှ မောင်တို့ ကျိုက်လတ် ဆိုတာကတော့ မဟုတ်သေးဘူး ထင်တယ်နော်… တဲ့။ ပျဉ်းမနားကြီးက ဘာမျှပြန်မပြော၊ ဆံပင်တွေပါးစပြုနေသော ခေါင်းကိုပွတ်၍ ပြုံးပြုံးကြီး လုပ်နေတာကို ပြန်လည်မြင်ယောင်မိ၏။

အမှတ်ရစရာတွေက မနေ့တစ်နေ့ကလို ဖြစ်နေ၏။ လွမ်းမိပါတယ် နောင်တော်ကြီး ကိုတင်သန်းဦးနှင့် ပျဉ်းမနားကြီးတို့ရေ…၊ အမှတ်ရမိပါတယ်… အစ်မကြီးနှင့် လုပ်ဖော်ကိုင်ဖက်များတို့ရေ။ ယခုလည်း နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ငြိမ်းချမ်းရေးလုပ်ငန်းများအကြောင်းရေးရင်း(နတလ)အမည်ကို မပြောင်းမလဲယူလာခဲ့သော ကျွန်တော် မြင့်စိုး(နတလ) MSME ခေါင်းစဉ်ကို အကြောင်းပြုလျက် ဝန်ကြီးဌာနပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ ကုန်ထုတ်သမဝါယမအသင်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းအကြောင်းများကို ရေးရချေပြီတမုံ့။

### ပြည်ပသို့တင်ပို့နေသော ကုန်ထုတ်သမဝါယမအသင်းများ

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးတွင်ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ကုန်ထုတ်သမဝါယမအသင်းများ လာရောက်ပါဝင်ယှဉ်ပြိုင် ခင်းကျင်းပြသလျက်ရှိရာ ယင်းတို့အနက် ပြည်ပနိုင်ငံများသို့ ပို့ကုန်တင်ပို့နေသော ကုန်ထုတ်သမဝါယမအသင်းများ ပါဝင်လာပေသည်။ ၎င်းတို့မှာ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုရောက်ရှိလာကြသော ရွှေပြည်သာမြို့နယ်မှ တံမြက်စည်းလုပ်ငန်းလုပ်ကိုင်နေသော ကျေးဇူးတော်နှင့် တင့်တယ်ခြင်း အထွေထွေစီးပွားရေး သမဝါယမအသင်း၊ ကြည့်မြင်တိုင်မြို့နယ်မှ သီရိစန္ဒာအထည်ချုပ်လုပ်ငန်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း၊ ရှမ်းပြည်နယ်ကိုယ်စားပြု ဟိုပုံးမြို့နယ်အခြေစိုက် Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းတို့ ဖြစ်ကြသည်။

လွန်ခဲ့သော သုံးနှစ်အချိန်ကာလ ၂၀၂၂ မှ ၂၀၂၄ ခုနှစ်အတွင်း ကျေးဇူးတော်နှင့် တင့်တယ်ခြင်း တံမြက်စည်းလုပ်ငန်းက တောင်ကိုရီးယားနိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၅၃၄ သန်း၊ သီရိစန္ဒာအထည်ချုပ်လုပ်ငန်းက ဂျပန်နိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၅ ဒသမ ၂၃၀၊ Green Gold ကော်ဖီလုပ်ငန်းက ဆွစ်ဇာလန်နိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၉၅ သန်း စုစုပေါင်း ၇ ဒသမ ၆၅၉ သန်း၊ မြန်မာငွေအားဖြင့် ကျပ်သန်းပေါင်း ၁ ဒသမ ၅၇၈ ဘီလီယံ နိုင်ငံအတွက် ရှာဖွေပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ယခုပြပွဲပြိုင်ပွဲကြီး ကျင်းပပြုလုပ်ရခြင်း၏ မူလရည်ရွယ်ချက်များထဲတွင် အောက်ပါရည်ရွယ်ချက်က ပါရှိပြီးဖြစ်သည် –

**“MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်”**

ကုန်ထုတ်သမဝါယမအသင်းများထဲတွင် ပြည်ပဈေးကွက်များအထိ ထိုးဖောက်နေရာယူနိုင်သော အသင်းများ ပေါ်ပေါက်နေပြီဖြစ်သကဲ့သို့ ယခုပွဲတော်ကြီးအပြီးတွင် နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်မည့် အသင်းများ ပေါ်ပေါက်လာဦးမည်ဟု ယုံကြည်မိပါသည်။

### သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြခန်း ၂၂ ခန်း တာဝန်ယူ

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ခြေတော်ရင်း၊ တပေါင်းကွင်း၌ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ ကုန်ထုတ်သမဝါယမအသင်းပြခန်းများ၊ အသေးစားစက်မှုလက်မှုပြခန်းများ၊ တိုင်းရင်းသား ရိုးရာအစားအစာရောင်းချသည့် ပြခန်းများစသည်ဖြင့် ပြခန်းစုစုပေါင်း ၉၆ ခန်း ခင်းကျင်းပြသထားပေရာ ထိုအထဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တာဝန်ယူခင်းကျင်းပြသရသည့် ပြခန်း ၂၂ ခန်း ရှိပါသည်။

ပေ ၅၀ x ပေ ၃၀ တစ်ခန်းက ဝန်ကြီးဌာနပြခန်းအနေဖြင့် ခင်းကျင်းပြသရပြီး သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပေ ၂၀ ပတ်လည် အခန်း ၁၀ ခန်းတွင် ကုန်ထုတ်သမဝါယမအသင်းများကလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပေ ၂၀ ပတ်လည် အခန်း ၁၁ ခန်းတွင် အသေးစား၊ အငယ်စား၊ အလတ်စား

*စာမျက်နှာ ၁၁ သို့*



ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ ခင်းကျင်းပြသထားသော ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်းများ။

*စာမျက်နှာ ၁၀ မှ*

စက်မှုလက်မှုလုပ်ငန်းရှင်များက လည်းကောင်း ခင်းကျင်းပြသထားသောကြောင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တာဝန်ယူ ခင်းကျင်းပြသရသော ပြခန်းစုစုပေါင်း ၂၂ ခန်း ရှိပါသည်။

**သမဝါယမဆိုသည့် အနှစ်သာရနှင့်အညီ**

သမဝါယမဟူသောဝေါဟာရကို သမဝါယမ ဝန်ထောက်မင်း ဦးမောင်မောင်ပြား (၁၉၀၄) က စတင်တီထွင်ခဲ့ခြင်းဖြစ်သည်။ Co-operation အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဆိုသည့် ဝေါဟာရကို မြန်မာမှုပြု၍ “သမဝါယမ” ဆိုသည့် ပါဠိပျက်ဝေါဟာရအသစ်တစ်ခုဖြင့် တီထွင်ပြန်ဆိုခဲ့သည်။ သမဆိုသည့် ပါဠိစကားသည် မျှမျှတတ၊ ညီတူညီမျှ ဟူသောအနက်ကို ပေးသည်။ ဝါယမ (ဝါယာမ)က လုံ့လပြုသည်၊ ကြိုးပမ်းသည်၊ အားထုတ်သည်ဟု အဓိပ္ပာယ်ရသည်။ Co-operation က အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဟု ယေဘုယျအဓိပ္ပာယ်ကိုသာ ဖော်ဆောင်သော်လည်း သမဝါယမအဓိပ္ပာယ်ကမူ ပို၍လေးနက်သည်။

**“လုပ်ငန်းတစ်ခုခုကို လူအများ ပူးပေါင်းဆောင်ရွက်ကြရာ၌ ပါဝင်သောပုဂ္ဂိုလ်တိုင်းသည် မိမိ၏ကာယဉာဏလုပ်အားများဖြင့် မိမိစွမ်းဆောင်နိုင်သည့် နေရာအသီးသီးမှ ရေသာမခို လော်ကြုံမလိုက်ဘဲ အများနှင့်ညီတူညီမျှ တက်ညီလက်ညီ အတူတကွပူးပေါင်းဆောင်ရွက်ခြင်း”** ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ (တွဲဖက်သမဝါယမမင်းကြီး ဦးလှမောင် ရေးသားသည့် သမဝါယမနိဒါန်းမှ)

**ရမည်”** ဆိုသည့် ဆောင်ပုဒ်ကို ချိတ်ဆွဲထားသကဲ့သို့ အမယ်သစ်များအဖြစ် ဝါး၊ ဝါ၊ ရော်ဘာ၊ ကော်ဖီ၊ သစ်သီးထုတ်ကုန်များ ပြသနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

**ဆုရွေးချယ်ရေးအတွက် စံ သတ်မှတ်ချက်များ**

သမဝါယမ ကုန်ထုတ်လုပ်ငန်းများအတွက် ဆုရွေးချယ်ရန် အောက်ပါအမှတ်ပေးစည်းမျဉ်းများအား သတ်မှတ်ခဲ့ပါသည် -

(က) ထုတ်လုပ်ရောင်းချသည့် ပစ္စည်းများသည် သမဝါယမအသင်း/ အသင်းသားကိုယ်တိုင် ထုတ်လုပ်ဆောင်ရွက်မှု၊

(ခ) ထုတ်ကုန်များသည် အရည်အသွေး မှန်ကန်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ အမှတ်တံဆိပ်နှင့် ထုပ်ပိုးမှုကောင်းမွန်မှု၊

(ဂ) ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းနှင့် ဒေသခံလူထု အကျိုးစီးပွား အပြန်အလှန်ဖြစ်ထွန်းစေမှု၊

(ဃ) ဆန်းသစ်တီထွင်နိုင်မှုနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မှု၊

(င) ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် ထောက်ခံအားပေးမှု၊

(စ) လုပ်ငန်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ရရှိထားမှု (ဥပမာ- FDA ထောက်ခံချက်၊ စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်၊ ပိုးသတ်ဆေးထောက်ခံချက်)၊

(ဆ) သမဝါယမအသင်းအကျိုးပြုမှု၊

(ဇ) လှည့်ပတ်ရင်းနှီးငွေကျပ် သိန်း(၁၀၀၀) အထက်ဖြစ်မှု၊

> **“ပြည်နယ်နှင့် တိုင်းဒေသကြီး လုပ်ငန်းရှင်များအနေဖြင့် ပါဝင်ခင်းကျင်းပြသယှဉ်ပြိုင်ကြသော စားသောက်ကုန်၊ လူသုံးကုန်၊ လက်မှုထည်၊ ရက်ကန်း စသည့်ကုန်ပစ္စည်းအမျိုးအစားအလိုက် ဈေးကွက်ချိတ်ဆက်နိုင်မှုမှာ နေပြည်တော်မှ ၁၆ ခု၊ တနင်္သာရီတိုင်းဒေသကြီးမှ သုံးခု၊ ပဲခူးတိုင်းဒေသကြီးမှ ကိုးခု၊ မကွေးတိုင်းဒေသကြီးမှ ၁၁ ခု၊ မန္တလေးတိုင်းဒေသကြီးမှ ခုနစ်ခု၊ မွန်ပြည်နယ်မှ နှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးမှ လေးခု၊ ဧရာဝတီတိုင်းဒေသကြီးမှ သုံးခု စုစုပေါင်း လုပ်ငန်း ၅၆ ခု ဈေးကွက်ရှာဖွေချိတ်ဆက်နိုင်ခဲ့”**

အထက်ပါစကားရပ်နှင့်အညီ စုစည်းညီညွတ်စွာ စုဝေးရောက်ရှိလာကြကုန်သော နေပြည်တော်မှ ကုန်ထုတ်သမဝါယမအသင်း သုံးသင်း၊ ပဲခူးတိုင်းဒေသကြီးမှ တစ်သင်း၊ မကွေးတိုင်းဒေသကြီးမှ တစ်သင်း၊ မန္တလေးတိုင်းဒေသကြီးမှ ငါးသင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ နှစ်သင်း၊ ရှမ်းပြည်နယ်မှ လေးသင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်သင်း စုစုပေါင်း ၁၉ သင်းတို့ကို ပြခန်း ၁၀ ခန်းတွင် ခွဲဝေနေရာချထားပေးခဲ့သည်။ ပြပွဲတွင် ခင်းကျင်းပြသမည့် ပစ္စည်းအမယ်များမှာ မြေပဲဆီ၊ နေကြာဆီ၊ မှျစ်ချဉ်၊ သစ်အချောထည်ပစ္စည်းများ၊ နို့ဆီ၊ ဒိန်ချဉ်နှင့် အားဖြည့်အချိုရည်များ၊ နမ်းရိုးအခြေခံသဘာဝ မြေသြဇာများ၊ ပြောင်း၊ စပါး အခြောက်ခံစက် အပါအဝင် စက်ကိရိယာအမျိုးမျိုး၊ ဆန်နှင့် နနွင်း၊ ချင်း၊ ငရုတ်စသော စားသောက်ကုန်အမျိုးမျိုး၊ ဝါးလက်မှုထည်များ၊ တံမြက်စည်းအမျိုးမျိုး၊ အဝတ်အထည်မျိုးစုံ၊ တိုင်းရင်းသားရိုးရာဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများ၊ သင်ဖျာအမျိုးမျိုး၊ ကော်ဖီမှုန့်မျိုးစုံ အစရှိသည်တို့ဖြစ်ကြသည်။

ပြပွဲတွင် ပြသရောင်းချမည်ဖြစ်သလို ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်ကြရန် ပြင်ဆင်လာကြသည်။ ကုန်ထုတ်သမဝါယမအသင်း ပြခန်းများတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော **“ပစ္စည်းချင်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူလျှင် အရည်အသွေးပိုကောင်း**

(ဈ) ကုန်ထုတ် သမဝါယမအသင်းများ၏ နှစ်စဉ်ထုတ်လုပ်နိုင်မှုပမာဏ၊ ပြည်တွင်းရောင်းချနိုင်မှုပမာဏ၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှုပမာဏ။

**အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ဝင်ငွေတိုးစီမံကိန်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဖွဲ့စည်းပုံက တစ်မျိုးဖြစ်သည်။ ဦးစီးဌာန(ရုံးချုပ်) ဖွဲ့စည်းပုံပြီးလျှင် ပြည်နယ်/ တိုင်းဒေသကြီးရုံးများရှိသည်။ ခရိုင်အဆင့်ရုံးများ ဖွဲ့စည်းထားသည်။ မြို့နယ်ဖွဲ့စည်းပုံမရှိ၊ မြို့နယ် ဦးစီးမှူးမရှိ၊ သို့ရာတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်နေသော **“ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပေါ်များရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်း”** အောင်မြင်အောင်၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးအောင်၊ ဒေသထွက်ကုန်များအပေါ် အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် လုပ်ငန်းရှင်များ ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ရာ သုံးနှစ်ပြည့်မြောက်လာသည့် စီမံကိန်းကာလအတွင်း ထိုက်သင့်သော အောင်မြင်မှုတစ်ခုကို ရရှိထားပြီးဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဒေသခံပြည်သူများ၏ ဌာနအပေါ် ယုံကြည်ကိုးစားမှုကိုလည်း ရရှိခဲ့ပြီဖြစ်သည်။ ယခုလည်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးသို့ ပြည်နယ်နှင့် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများသည် မိမိတို့၏ ဒေသတာဝန်ခံများအဖြစ် စီးပွားရေးဝန်ကြီးများနှင့်အတူ လိုက်ပါလာခဲ့ကြပြီး အသေးစား စက်မှုလက်မှုလုပ်ငန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီး ပြခန်းများတွင်လည်းကောင်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးကြပ်ရသည့် ပြခန်း ၁၁ ခန်းတွင်လည်းကောင်း ခင်းကျင်းပြသခဲ့ကြသည်။



ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ ပဲခူးတိုင်းဒေသကြီး ရွှေမြန်မာလက်မှုထည်ပစ္စည်းရောင်းဝယ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းပြခန်း။

**နိုင်ငံခြားပို့ကုန်ဆောင်ရွက်နေသော လုပ်ငန်းရှင်များ**

နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ဝမ်းမြောက်စွာ ဂုဏ်ပြုဖော်ပြပေးလိုပါသည်။

(က) **နေပြည်တော်။** ဦးကျော်ထူး၏ “Oma” အသင့်စား ခေါက်ဆွဲခြောက်လုပ်ငန်း၊ ဒေါ်ဟေမာစံ၏ “HEIN SHWE YAUNG” လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ ဒေါ်ခင်မိုးဖြူ၏ “ချမ်းမြေ့မေတ္တာ” ကျောက်မျက်ရတနာ အလှဆင်ပစ္စည်းနှင့် ရွှေပန်းထိမ်လုပ်ငန်း၊ ဒေါ်သဥ္ဇာဦး၏ “သဥ္ဇာ” မြန်မာ့အစားအစာလုပ်ငန်း၊ ဒေါ်အိဇင်ဦး၏ “အိလက်ရာ” စားသောက်ကုန်လုပ်ငန်း၊ ဒေါ်စုစုရီ၏ “ငွေစန္ဒာ” လက်ရက်ကန်းလုပ်ငန်း။

(ခ) **ပဲခူးတိုင်းဒေသကြီး။** ဦးအောင်ကျော်ဆန်း၏ “ပန်းကမ္ဘာ” မြန်မာ့လက်မှုထည်လုပ်ငန်း၊ ဦးကျော်လင်းဇော်၏ “ယောက်ျားကြီးငါးပိလုပ်ငန်း”၊ ဒေါ်ခင်စန်းမော်၏ “မခန်းလေး”ထမင်းသုပ်၊ ဒေါ်ခင်ရတနာလှိုင်၏ “ရိုးရာမောင်” ချည်ထည်လုပ်ငန်း။

(ဂ) **မကွေးတိုင်းဒေသကြီး။** ဦးမင်းသက်ဝေ၏ “မြန်မာ့သဘာဝဒန့်သလွန်ထုတ်ကုန်များလုပ်ငန်း” Myanmar Organic Moringa၊ ဒေါ်နီလာ၏ “ဂဠုန်မင်းညီနောင်” ချည်ထည်လုပ်ငန်း၊ ဒေါ်သက်ဆုငြေး၏ JUMJEL ဇီး၊ မန်ကျည်းဖျော်ရည်လုပ်ငန်း၊ ဒေါ်မိုးသူဇာ၏ “ခါတော်ဦး” စားသောက်ကုန်လုပ်ငန်း။

(ဃ) **မန္တလေးတိုင်းဒေသကြီး။** ဒေါ်လှကွေဆင်း၏ Super Hero ငှက်သိုက်လုပ်ငန်း၊ ဒေါ်မေနှင်းဝေ၏ Health & Happy ကွတ်ကီးလုပ်ငန်း၊ ဒေါ်လင်းလင်းခိုင်၏ “Because Coffee” လုပ်ငန်း၊ ဦးရာဇာငြေး၏ “ခနသိဒ္ဓိအောင်” ကျောက်စိမ်းကျောက်သွေး ကျောက်ဖြတ်လုပ်ငန်း၊ ဒေါ်ယဉ်မူ၏ “ENE” လူသုံးကုန်လုပ်ငန်း။

(င) **ရန်ကုန်တိုင်းဒေသကြီး။** ဒေါ်သက်မာညို၏ “Better Bee” မြန်မာ့အရည်အသွေးမြင့်ထုတ်ကုန် ပျားရည်နှင့် စားသောက်ကုန်လုပ်ငန်း၊ ဦးငွေလင်း၏ “Burma Grace” လူသုံးကုန်လုပ်ငန်း၊ စိုင်းစိုးမြင့်၏ Myanmar Bird’s Nest စားသောက်ကုန်လုပ်ငန်း၊ ဒေါ်ခင်ချမ်းမြေ့သူ၏ “ချမ်း” လူသုံးကုန်လုပ်ငန်း။

(စ) **ရှမ်းပြည်နယ်။** ဒေါ်မို့မို့မြတ်မင်း၏ “OH MY ZING” စားသောက်ကုန်လုပ်ငန်း။

**ဈေးကွက်ချိတ်ဆက်နိုင်မှု**

ပြည်နယ်နှင့် တိုင်းဒေသကြီး လုပ်ငန်းရှင်များအနေဖြင့် ပါဝင်ခင်းကျင်းပြသယှဉ်ပြိုင်ကြသော စားသောက်ကုန်၊ လူသုံးကုန်၊ လက်မှုထည်၊ ရက်ကန်း စသည့်ကုန်ပစ္စည်းအမျိုးအစားအလိုက် ဈေးကွက်ချိတ်ဆက်နိုင်မှုမှာ နေပြည်တော်မှ ၁၆ခု၊ တနင်္သာရီတိုင်းဒေသကြီးမှ သုံးခု၊ ပဲခူးတိုင်းဒေသကြီးမှ ကိုးခု၊ မကွေးတိုင်းဒေသကြီးမှ ၁၁ ခု၊ မန္တလေးတိုင်းဒေသကြီးမှ ခုနစ်ခု၊ မွန်ပြည်နယ်မှ နှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးမှ လေးခု၊ ဧရာဝတီတိုင်းဒေသကြီးမှ သုံးခု စုစုပေါင်း လုပ်ငန်း ၅၆ ခု ဈေးကွက်ရှာဖွေချိတ်ဆက်နိုင်ခဲ့သည်။

**သုံးသပ်အကြံပြုချက်များ**

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများသည် MSME ပြပွဲပြိုင်ပွဲကြီးအပြီးတွင် ၎င်းတို့တာဝန်ယူထားရသော ပြခန်းများအလိုက် တွေ့ရှိသုံးသပ်ချက်များကို အကြံပြုရေးသား၍ အစီရင်ခံတင်ပြခဲ့ကြသည်။ သုံးသပ်အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်မည့်လုပ်ငန်းရှင်များကို ကြိုတင်လေ့ကျင့်ပေးပြီး ထုပ်ပိုးမှုစနစ်ကောင်းမွန်အောင်၊ ဈေးကွက်ချိတ်ဆက်မှု အားကောင်းအောင် အသိပညာပေးသင့်ပါသည်။

(ခ) Micro ၊ Small ၊ Medium စံသတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းများကို ပါဝင်ယှဉ်ပြိုင်လျှင် ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းလာပါမည်။

(ဂ) ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကုန်ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသတစ်ခုမှ ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်သင့်သည်။

(ဃ) တပေါင်းကွင်းသို့ အများပြည်သူသွားလာမှု လွယ်ကူစေရေး ယာဉ်များပြေးဆွဲပေးသင့်ပါသည်။

(င) လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများကို လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်၊ မူပိုင်ခွင့်များ ပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးကြရန် လိုပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်နှင့် စပွန်ဆာများ စာချုပ်ချုပ်ဆို

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းသည် YRFA FC အမည်ဖြင့် မြန်မာနေရှင်နယ်လိဂ်-၂ သို့ တန်းတက်ဝင်ခွင့်ရမည့် MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ရာ အဆိုပါ YRFA FC အသင်းအတွက် Sponsorship များ စာချုပ်ချုပ်ဆိုပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်သည်။




အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးချစ်ကိုကိုက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်နှင့် Sponsorship များ အသီးသီး စာချုပ်ချုပ်ဆိုကြသည်။ ထို့နောက် မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းသည် လူငယ်ခြေသစ်များကို စုဖွဲ့မှုအားကောင်းကောင်းဖြင့် မွေးထုတ်ပေးလျက်ရှိရာ ပြီးခဲ့သည့် အမျိုးသားအားကစားပွဲတော်နှင့် ကမ္ဘောဇဖလားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကမ္ဘောဇဖလားပြိုင်ပွဲတွင် ဒုတိယဆု ဆွတ်ခူးရရှိထားသည့် အသင်းတစ်သင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းမှ ဆီးဂိမ်း ပဏာမ ကစားသမားခြောက်ဦး၊ အမျိုးသားဖူဆယ်အသင်းမှ လက်ရွေးစင် ကစားသမားနှစ်ဦး၊ အမျိုးသမီး ဖူဆယ်အသင်းမှ လက်ရွေးစင် ကစားသမား ၁၄ ဦးအထိ မွေးထုတ်ပေးနိုင်ကြောင်း သိရသည်။

**တင်စိုး (မြန်မာ့အလင်း)**

## MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ မတ် ၁၄ ရက်တွင် စတင်ကျင်းပမည်

**ရန်ကုန် မတ် ၈**

မြန်မာနေရှင်နယ်လိဂ်က စီစဉ်ကျင်းပမည့် MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲကို မတ် ၁၄ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲခြင်းနှင့် အသင်းများ မိတ်ဆက်ခြင်းကို မတ် ၆ ရက်က ပြုလုပ်ခဲ့သည်။



ယင်းပြိုင်ပွဲကို လာမည့်ရာသီ MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည့် နှစ်သင်းအတွက် ခြေစစ်ပွဲပုံစံကျင်းပခြင်းဖြစ်ပြီး အသင်းစုစုပေါင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (A) တွင် Young Boy အသင်း၊ Zan United အသင်း၊ Enjoy Brother အသင်း၊ Happy Friendship အသင်း၊ W United အသင်း၊ Asia Lions အသင်း၊ အုပ်စု (B) တွင် TKG Hmawbi အသင်း၊ အင်းစိန်စီးတီးအသင်း၊ YRFA အသင်း၊ 10/Mon အသင်းနှင့် မြရောအသင်းတို့ ပါဝင်နေသည်။ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး နှစ်သင်းစီမှာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ဗိုလ်လုပွဲရောက် နှစ်သင်းမှာမူ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ခြေစစ်ပွဲအုပ်စုပွဲများနှင့် ဆီမီးဖိုင်နယ်ပွဲများကို မတ် ၁၄ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ရှိ ဗဟန်းမြက်ခင်းတုကွင်းနှင့် သုဝဏ္ဏ လေ့ကျင့်ရေးကွင်း-၂ တို့တွင် ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲကိုမူ မတ် ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

○ *ကျောဖုံးမှ*

အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၀၄ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၁၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ရာ၌ ယနေ့တွင် တရုတ်နိုင်ငံသား ၃၀၄ ဦးကို မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီထပ်မံ၍ ပြည်နှင်လွှဲပြောင်းပေးရာ အဆိုပါ လွှဲပြောင်း ပေးအပ်ပွဲသို့ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ ကိုယ်စားလှယ်များထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့-မယ်ထော်သလေးနယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၁၁၀ ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၄၇၀၂ ဦးကို စစ်ဆေး ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၁၉၇၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၂၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ခြေစွမ်းပြသနိုင်ခြင်းမရှိပေ။ ဒုတိယပိုင်းတွင် နေ်တင်ဟမ်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများမှာ ထိရောက်မှုရှိခဲ့ပြီး ပွဲကစားချိန်ပြည့်ခါနီးတွင် ရရှိခဲ့သော ဟွတ်ဆန်အိုဒွိုင်း၏ သွင်းဂိုးဖြင့် အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

နေ်တင်ဟမ်အသင်းသည် ယခုအနိုင်ပွဲကြောင့် နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ကာ ရမှတ် ၅၁ မှတ်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ မန်စီးတီးအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် အမှတ်ပေးဇယား အထက်ပိုင်း တက်လှမ်းခွင့်လွဲချော်ခဲ့သည်။

**အောင်ဇော်**

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၈**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ် လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၁၈) ကို မတ် ၈ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ် (၁၈) တွင် KKY အသင်းက Pacific Sun Far အသင်းကို ကိုးဂိုး-နှစ်ဂိုး၊ Black Cross အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ရှစ်ဂိုး-သုံးဂိုး၊ Gold Dream အသင်းက လက်ဝဲသုန္ဒရအသင်းကို ငါးဂိုး-နှစ်ဂိုး၊ TG United အသင်းက Maryar အသင်းကို ငါးဂိုးပြတ် အနိုင်ရပြီး JZ Yangon အသင်းနှင့် 7 Brother အသင်း နှစ်ဂိုးစီသရေ၊ YCDC Marga Youth အသင်းနှင့် 7 Dragon အသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ ယခုတစ်ပတ်တွင် ဒုတိယနေရာမှ Pacific Sun Far အသင်း မထင်မှတ်ဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့သဖြင့် ထိပ်ဆုံးမှ TG United အသင်းသည် နှစ်မှတ်အကွာမှ ငါးမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ပွဲစဉ် (၁၈) အပြီးတွင် TG United အသင်းက ၄၄ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး Pacific Sun Far အသင်းက ၃၉ မှတ်၊ Gold Dream အသင်းက ၃၅ မှတ်၊ 7 Dragon အသင်းနှင့် JZ Yangon အသင်းတို့က ရမှတ် ၃၀ စီ၊ YCDC Marga Youth အသင်းက ၂၆ မှတ်၊ Black Cross အသင်းက ၂၆ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ၁၅ မှတ်၊ KKY အသင်းက ၁၇ မှတ်၊ 7 Brother အသင်းက ၁၅ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ၁၄ မှတ်၊ Maryar အသင်းက ၁၃ မှတ် ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**



YCDC Marga Youth အသင်းနှင့် 7 Dragon အသင်း ယှဉ်ပြိုင်စဉ်။

## ONE Fight Night - 29 ပြိုင်ပွဲ၌ မြန်မာဖိုက်တာ စိုးလင်းဦး ရှုံးပွဲထပ်တွေ့

**ရန်ကုန် မတ် ၈**

ONE Fight Night - 29 ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပရာ မြန်မာဖိုက်တာ စိုးလင်းဦး ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

စိုးလင်းဦးသည် ရုရှားဖိုက်တာ ဒီမီထရီကက်ချွန်းနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ ဒီမီထရီအနိုင်ရခဲ့ခြင်းဖြစ်သည်။ စိုးလင်းဦးအနေဖြင့် ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ရန် ကြိုးပမ်းသော်လည်း အမှတ်ဖြင့် ထပ်မံရှုံးနိမ့်ခဲ့သည်။ စိုးလင်းဦးအနေဖြင့် အလဲထိုးနိုင်ခြင်းမရှိပါက အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အသာရနိုင်သည့် ထိုးသတ်ပုံ၊ နည်းဗျူဟာများ ပြောင်းလဲရန်လိုအပ်နေပြီဖြစ်ကြောင်း သုံးပွဲဆက်အမှတ်ဖြင့် အရေးနိမ့်မှုက သက်သေပြနေသည်။ ပထမအချီတွင် ဒီမီထရီက လက်ရည်ပိုသာခဲ့ပြီး အမှတ်ရစေမည့် ထိုးသတ်မှုများပြုလုပ်နိုင်ခဲ့သည်။ ဒုတိယအချီနှင့် တတိယအချီတွင် စိုးလင်းဦး ပြန်လိုက်ထိုးသော်လည်း ဒီမီထရီက အကောင်းဆုံးတုံ့ပြန်ကာ အမှတ်ရယူနိုင်ခဲ့သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စိုးလင်းဦးသည် ONE နှင့်လက်တွဲပြီး သုံးပွဲဆက်တိုက် အနိုင်ရသော်လည်း စာချုပ်ရပြီးနောက်ပိုင်း ထိုးသတ်သည့်သုံးပွဲစလုံး အမှတ်ဖြင့် ရှုံးနိမ့်ထားသည်။ စိုးလင်းဦးသည် နောက်ဆုံးသုံးပွဲဆက်တိုက် အရေးနိမ့်ခဲ့ခြင်းဖြစ်ပြီး ယခုပွဲတွင်လည်း ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခြင်းမရှိခဲ့ပေ။

**ညီမြတ်သော်တာ**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်

**နေပြည်တော် မတ် ၈** - နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် မတ် ၉ ရက်၌ အများအားဖြင့် သာယာမည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## နျူကလီးယားအစီအစဉ်ဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးအတွက် အီရန်သို့စာပေးပို့ခဲ့ဟု ထရမ့်ပြော

**ဝါရှင်တန် မတ် ၈**

တီဟီရန်၏ နျူကလီးယားအစီအစဉ်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် အီရန်သို့ စာတစ်စောင်ပေးပို့ထားကြောင်း အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

မတ် ၇ ရက်က ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ထရမ့်က အမေရိကန်သည် အီရန်ကို နျူလက်နက်ပိုင်ဆိုင်ခွင့်ပြုမည် မဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။ အီရန်အနေဖြင့် စစ်ရေးနည်းလမ်းအရသော်လည်းကောင်း၊ စေ့စပ်ညှိနှိုင်းမှုနည်းလမ်းအရသော်လည်းကောင်း ကြိုက်ရာရွေးချယ်နိုင်ကြောင်း ၎င်းက ပြောသည်။

ပြီးခဲ့သောလက အီရန်အပေါ် ပိုမိုပြင်းထန်သော ဒဏ်ခတ်ပိတ်ဆို့မှုများအပါအဝင် အမြင့်ဆုံးဖိအားပေးမည့်အစီအစဉ်ကို ထရမ့်က လက်မှတ်ရေးထိုးခဲ့သည်။ တီဟီရန်ကို နျူကလီးယားအစီအစဉ်ဆိုင်ရာ ဆွေးနွေးပွဲများတွင်ပါဝင်ရန် တိုက်တွန်းခဲ့ပြီး အီရန်၏ စီးပွားရေးကို အထောက်အကူဖြစ်စေမည့် သဘောတူညီချက်ကို ညှိနှိုင်းရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။




အီရန်နိုင်ငံ၏ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ကမူ အီရန်နိုင်ငံအနေဖြင့် အမေရိကန် သမ္မတထံမှ ပေးပို့သည့်စာကို လက်ခံရရှိခြင်း မရှိသေးကြောင်း ပြောကြားသည်။

အင်န်အိတ်ချ်ကေ

## Starship အာကာသယာဉ် ပေါက်ကွဲမှုကြောင့် လေကြောင်းသွားလာမှုကို အနှောင့်အယှက်ဖြစ်

**ဝါရှင်တန် မတ် ၈**

အီလွန်မက်စ်၏ Space X အာကာသကုမ္ပဏီမှ ထုတ်လုပ်သည့် အာကာသယာဉ်တစ်စင်း စမ်းသပ်ပျံသန်းစဉ်အတွင်း ပေါက်ကွဲခဲ့သည်။

အာကာသယာဉ် ပေါက်ကွဲမှုအပျက်အစီးများကြောင့် လေကြောင်းသွားလာမှုကို ရပ်တန့်စေခဲ့သည်ဟု သတင်းများတွင် ဖော်ပြထားသည်။ Starship အာကာသယာဉ်ကို မတ် ၇ ရက်က တက္ကဆက်ပြည်နယ်မှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအာကာသယာဉ်သည် ရှစ်မိနစ်ခန့် ထိန်းချုပ်မှုမရှိဘဲ ထိန်းချုပ်ရေးစင်တာနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။ ဖလော်ရီဒါပြည်နယ်တောင်ပိုင်းရှိ လေဆိပ်အချို့တွင် အပျက်အစီးများ ပြုတ်ကျခြင်းကို ကြိုတင်ကာကွယ်မှုအနေဖြင့် လေယာဉ်ခရီးစဉ်များကို ဆိုင်းငံ့ထားကြောင်း ဒေသတွင်းသတင်းများတွင် ဖော်ပြထားသည်။ Space X အာကာသကုမ္ပဏီသည် လနှင့်မားစ်ဂြိုဟ်သို့သွားရန် Starship အာကာသယာဉ်ကို တီထွင်နေသည်။

ဇန်နဝါရီလအတွင်းက စမ်းသပ်လွှတ်တင်သည့် အာကာသယာဉ်မှာလည်း ပေါက်ကွဲခဲ့သည်။

အင်န်အိတ်ချ်ကေ

## အစိုးရအဖွဲ့အစည်းအဝေးအတွင်း မက်စ်နှင့် ရူဘီယိုတို့ အငြင်းပွားမှုဖြစ်ဟုဆို

**ဝါရှင်တန် မတ် ၈**

အစိုးရစွမ်းဆောင်ရည်ဌာန အကြီးအကဲ အီလွန်မက်စ်နှင့် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုတို့သည် အစိုးရအဖွဲ့ အစည်းအဝေးကျင်းပနေစဉ်အတွင်း ဝန်ထမ်းအဆင့် လျှော့ချ ဖြတ်တောက်ရေးနှင့် ပတ်သက်ပြီး အငြင်းပွားမှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်သတင်းစာတစ်စောင်၏ ဖော်ပြချက်အရ သိရသည်။

မတ် ၇ ရက်ထုတ် နယူးယောက်တိုင်းမ် သတင်းစာက မတ် ၆ ရက်က ဖြစ်ပွားခဲ့သော အဖြစ်အပျက်ကို သိရှိသူ ငါးဦး၏ ထုတ်ဖော်ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့ခြင်း ဖြစ်သည်။ အဆိုပါအငြင်းပွားမှုကို သမ္မတ ဒေါ်နယ်ထရမ့်ကိုယ်တိုင် ကြည့်ရှုနေခဲ့ကြောင်း သိရသည်။

အဆိုပါ ဖော်ပြချက်တွင် မက်စ်က ရူဘီယိုကို လုပ်သားအင်အားဖြတ်တောက်မှုကို ပျက်ကွက်ကြောင်းနှင့် မည်သူ့ကိုမျှ အလုပ်ထုတ်ပစ်ခြင်း မရှိကြောင်း စွပ်စွဲခဲ့သည်ဟု ဖော်ပြထားသည်။ ရူဘီယိုက မက်စ်၏ စွပ်စွဲချက်များကို ငြင်းဆန်ပြီး ဝန်ထမ်းလျှော့ချမှုများကို လုပ်ဆောင်ခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ဝန်ထမ်း ၁၅၀၀ ကျော်မှာ ဆောလျင်စွာ အနားယူခြင်းအစီအစဉ်နှင့် အငြိမ်းစားယူခဲ့ကြကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။




အီလွန်မက်စ်နှင့် မာကိုရူဘီယို။

ထရမ့်က ရူဘီယိုဘက်မှ ကာကွယ်ပြီး နောက်ဆုံးကြားဝင် မဖြေရှင်းမီအထိ အငြင်းပွားမှုမှာ သက်သောင့်သက်သာမရှိဘဲ အချိန်တစ်ခုအထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## အမေရိကန်အကောက်ခွန်ဒဏ်သင့် ကနေဒါ စီးပွားရေးလုပ်ငန်းများကို အစိုးရက ကူညီပံ့ပိုးမည်

**အော့တာဝါ မတ် ၈**

ကနေဒါအစိုးရသည် အမေရိကန်အကောက်ခွန်ဒဏ်ခံရသော စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများအား ကူညီပံ့ပိုးပေးမည့် အစီအစဉ်အသစ်ကို မတ် ၇ ရက်က မိတ်ဆက်လိုက်သည်။

ကနေဒါဘဏ္ဍာရေးဌာန၏သတင်းထုတ်ပြန်ချက်အရ ကုန်သွယ်မှုအကျိုးသက်ရောက်မှုအစီအစဉ်သည် စီးပွားရေးလုပ်ငန်းများအနေဖြင့် အမေရိကန်ဈေးကွက်ရောင်းအားကျဆင်းမှုကို ရင်ဆိုင်ရန်နှင့် ကမ္ဘာ့ဈေးကွက်သစ်များဖော်ဆောင်ရန် လာမည့်နှစ်နှစ်အတွင်း ကနေဒါ ဒေါ်လာ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ) ကို အသုံးပြုသွားမည်ဖြစ်သည်။

ထို့အတူ စိုက်ပျိုးရေးကဏ္ဍချေးငွေ ကနေဒါ ဒေါ်လာ တစ်ဘီလီယံနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာချေးငွေ ကနေဒါဒေါ်လာ သန်း ၅၀၀ ကိုလည်း ကူညီပံ့ပိုးမည်ဖြစ်သည်။

အစီအစဉ်အသစ်အရ ဝန်ထမ်းများ၏ အလုပ်ချိန်များကို လျှော့ချပြီး ဆုံးရှုံးသွားသော လုပ်ခလစာများအတွက် အလုပ်အကိုင်အာမခံဖြင့် ဝန်ထမ်းများအား လျော်ကြေးပေးမည်ဟု အလုပ်သမားရေးရာဝန်ကြီး စတီဗင်မက်ကင်နွန်က မတ် ၇ ရက်က အော့တာဝါ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဆင်ဟွာ

## သံမဏိနှင့်အလူမီနီယံတို့အပေါ် အခွန်စည်းကြပ်မှု ရှောင်ရှားရန် အမေရိကန်နှင့် မက္ကဆီကို ညှိနှိုင်း

**မက္ကဆီကိုစီးတီး မတ် ၈**

မက္ကဆီကိုနိုင်ငံသည် ၎င်းတို့ ပို့ကုန်များဖြစ်သည့် သံမဏိနှင့်အလူမီနီယံတို့အပေါ်တွင် အမေရိကန်၏ ၂၅ ရာခိုင်နှုန်းအခွန်စည်းကြပ်မှုမှ ရှောင်ရှားရန် အမေရိကန်နှင့် ညှိနှိုင်းမှုပြုလုပ်နေသည်ဟု မတ် ၇ ရက်တွင် စီးပွားရေးဝန်ကြီး မာဆယ်လိုအဲဘတ်က ပြောသည်။

သံမဏိနှင့် အလူမီနီယံတို့အပေါ်တွင် အခွန်စည်းကြပ်မှုကို သဘောတူညီချက်ရရှိရန်လိုအပ်သည်ဟု ၎င်းကဆက်ပြောသည်။ မက္ကဆီကို၏ သွင်းကုန်သည် အမေရိကန်ပို့ကုန်ထက် ပို၍များပြားသဖြင့် အဆိုပြုထားသည့် အခွန်စည်းကြပ်မှုမှာ မျှတမှုမရှိဟု ငြင်းဆိုခဲ့သည်။

ကုန်သွယ်မှုလိုငွေပြမှုကို အကြောင်းပြ၍ သံမဏိနှင့် အလူမီနီယံ သွင်းကုန်များအားလုံးကို ၂၅ ရာခိုင်နှုန်းအခွန်စည်းကြပ်ရန် ဖေဖော်ဝါရီ ၁၀ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုးခဲ့သည်။ သို့သော်လည်း ၂၀၂၄ ခုနှစ်အတွင်း မက္ကဆီကို၏ သံမဏိနှင့် အလူမီနီယံ ကုန်သွယ်မှုတွင် အမေရိကန်သည် ဒေါ်လာ ၆ ဒသမ ၉ ဘီလီယံ ပိုလျှံခဲ့သည်ဟု မက္ကဆီကိုအာဏာပိုင်များက ပြန်လည်ငြင်းခုံခဲ့ကြသည်။

မက္ကဆီကိုကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှုကို ဧပြီ ၂ ရက်အထိ ယာယီရွှေ့ဆိုင်းကြောင်း မတ် ၆ ရက်တွင် မက္ကဆီကို သမ္မတ ကလော်ဒီယာ ရှိန်းဘမ်းနှင့် ထရမ့်တို့ သဘောတူခဲ့ကြသည်။

ဆင်ဟွာ

## အာတမစ်အစီအစဉ်၏ လကမ္ဘာခရီးစဉ်အတွက် အာကာသယာဉ်အား နာဆာထုတ်ဖော်ပြသ

**ဖလော်ရီဒါ မတ် ၈**

နာဆာသည် အမေရိကန် ဦးဆောင်သည့် နိုင်ငံတကာ လကမ္ဘာစူးစမ်းလေ့လာရေး အစီအစဉ် Artemis (အာတမစ်) ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လကမ္ဘာကို လှည့်ပတ်ရာတွင် အသုံးပြုမည့် အာကာသယာဉ်နှင့် ဒုံးပျံကို သတင်းထောက်များအား ထုတ်ဖော်ပြသလိုက်ကြောင်း သိရသည်။

အာကာသထဲသို့ ပို့ဆောင်ပေးမည့် Orion (အိုရီယွန်) အာကာသယာဉ်နှင့် ဒုံးပျံကို ဖလော်ဒီဒါပြည်နယ် အမေရိကန် အာကာသအေဂျင်စီ ကင်နေဒါ အာကာသစင်တာ၌ မတ် ၇ ရက်က ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ လကမ္ဘာစူးစမ်းလေ့လာရေးအစီအစဉ်ကို လာမည့်နှစ် ဧပြီလတွင် စတင်ရန် စီစဉ်ထားသည်။

နည်းပညာရှင်များသည် ယခုလအစောပိုင်းတွင် အိုရီယွန် အာကာသယာဉ်တွင် နေရောင်ခြည်စွမ်းအင်သုံး တောင်ပံများကို စတင်တပ်ဆင်ခဲ့ကြောင်း၊ လုပ်ဆောင်မှုမှာ ပြီးစီးလုနီးပြီဖြစ်ကြောင်း နာဆာက ပြောသည်။ အိုရီယွန် အာကာသထဲသို့ ရောက်ရှိပြီးနောက် အဆိုပါ တောင်ပံများမှာ ဖြန့်ကြက်ပြီး အာကာသယာဉ်ကို စွမ်းအင်ပံ့ပိုးပေးသွားမည်ဖြစ်သည်။

ဒုံးပျံနှင့် အာကာသယာဉ် ပေါင်းစပ်ထားသော အမြင့်မှာ ၁၀၀ မီတာခန့်ရှိနိုင်ကြောင်း သိရသည်။ နာဆာအိုရီ ယွန်အစီအစဉ် မန်နေဂျာဟောင်း ဝပ်ဟူက ၎င်းနှင့် အာကာသယာဉ်တွင် အလုပ် လုပ်နေကြသူများမှာ နှစ်ပေါင်း ၅၀ ကျော်အတွင်း အေဂျင်စီ၏ ပထမဆုံးလကမ္ဘာ ခရီးစဉ်ကို မျှော်လင့်စောင့်စားနေကြကြောင်း ပြောသည်။



အင်န်အိတ်ချ်ကေ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




## တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများစွမ်းရည်မြှင့်တင်စို့ ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီက ကြီးမှူး၍ တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်စို့ ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားပြီး UN Message Video Clip နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် အမျိုးသမီးအဖွဲ့အစည်းများ၏ အောင်မြင်တိုးတက်မှုများ Documentry Video Clip ကို ပြသကြသည်။

ယင်းနောက် ဆေးတက္ကသိုလ်-၁ ကျောင်းသူများက “မင်္ဂလာပါ” သီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ကျောင်းသူများက “ပညာပန်း ဗဟိုရန်ကုန်တက္ကသိုလ်” သီချင်းဖြင့် လည်းကောင်း တင်ဆက်ကြသည်။

### ဂုဏ်ပြုချီးမြှင့်

ထို့နောက် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရရှိသော ထူးချွန်အမျိုးသမီးများနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို Miss Yangon 2025 ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ မဲခေါင်ရုပ်ရှင်ပွဲတော်တွင် အနုပညာထူးချွန်ဆု ရရှိသူများအားလည်းကောင်း၊ ပညာရေးကဏ္ဍနှင့် အနုပညာကဏ္ဍတွင် ထူးချွန်ဆုရရှိသော ကျောင်းသူများအားလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်၎င်းတို့၏ ဇနီးများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကြသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ဆက်ကြသော အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

### ဝင်ရောက်ယှဉ်ပြိုင်

အဆိုပါ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ယမန်နေ့က Miss Yangon 2025 ရွေးချယ်ပွဲကျင်းပရာ ပြိုင်ပွဲဝင်အလှမယ်များက မြန်မာ့ရိုးရာသနပ်ခါး၊ မြန်မာ့ရိုးရာဝတ်စုံ၊ ရေကူးဝတ်စုံ၊ ဂါဝန်ဝတ်စုံ၊ ညနေခင်းဝတ်စုံနှင့် အမေးအဖြေကဏ္ဍများ အဆင့်ဆင့်ယှဉ်ပြိုင်ကြရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မော်မော်သန်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ခရိုင် ၁၄ ခရိုင်မှ ပြိုင်ပွဲဝင် အလှမယ် ၄၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**

## ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့

**နေပြည်တော် မတ် ၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် M.V Moe Hein (မိုးဟိန်း)ရေယာဉ်သည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး၊ ပြည်နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းနှင့် လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့မှ ပေးပို့သည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများနှင့် ခွဲကျောက်များ၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ မှာယူသည့် ဆန် (40 Kg) ၃၂၁၂၂ အိတ်၊ ဓာတ်မြေသြဇာ အိတ် ၁၅၄၀နှင့် ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၁၄၂၈ ဒသမ ၄၃ တန် တင်ဆောင်၍ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရေယာဉ်ဖြင့် ပို့ဆောင်သည်။



ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော် စစ်ရေယာဉ်များ အပါအဝင် ရေယာဉ် ၄၉ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၇၂၃၀၀ ဒသမ ၂၂ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်ကို ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲကျင်းပ

**မော်လမြိုင် မတ် ၈**

မွန်ပြည်နယ်အတွင်း သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲဖွင့်ပွဲကို ပြည်နယ်သမဝါယမဦးစီးဌာန (မော်လမြိုင်)၌ ယမန်နေ့က ကျင်းပသည်။ ဆွေးနွေးပွဲတွင် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် Virtual System ဖြင့် ပြည်နယ်အတွင်းရှိ သမဝါယမအသင်းအဆင့်ဆင့်တို့မှ အသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်း ၅၀ တက်ရောက်ပြီး သမဝါယမဦးစီးဌာနက လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်း၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် နိုင်ငံတော်ဘတ်ဂျက်ဖြင့် လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မိုးစပါး၊ ဝါ၊ ဆောင်းသီးနှံ (နေကြာ) စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုနှင့် သီးနှံများ အထွက်နှုန်းတိုးတက်ပြီး ပန်းတိုင်ရည်မှန်းချက်ရရှိရေးအတွက် စနစ်တကျ ဆောင်ရွက်မှု၊ သမဝါယမအသင်းများ စာရင်းဇယားများ စနစ်တကျ ရှိစေရန်နှင့် ဘဏ္ဍာငွေများ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန် အချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၁၆-၂-၂၀၂၅ ရက်နေ့မှ ၂၈-၂-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station(AQM–65)၊ Scentroid(SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS)၊ Continuous Particulate Monitor များနှင့် Mobile Air Quality Monitoring System များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>တောင်ဒဂုံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၂</td><td>International Business Center (IBC)၊ ရန်ကုန်မြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျောက်ဆည်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၃</td><td>စစ်ကိုင်းမြို့</td><td colspan="2">ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>–</td></tr>
<tr><td>၁၀</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၂</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td colspan="2">–</td><td colspan="2">ကောင်းမွန်</td><td colspan="2">–</td></tr>
<tr><td></td><td>၂</td><td>တာချီလိတ်မြို့</td><td>ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကျိုင်းတုံမြို့</td><td>ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td colspan="5">–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ကလောမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**ကလော မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟင်းခါးကုန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်ဇော်ဟိန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစီမံကိန်းသည် ဟင်းခါးကုန်းကျေးရွာရှိ အိမ်ထောင်စု ၁၆၅ စုမှ အခြေခံအိမ်ထောင်စု ၇၅ စု အား စီမံကိန်းစက်ဝန်းကာလ သုံးခု သတ်မှတ်၍ စက်ဝန်းကာလ တစ်ခုလျှင် ခြောက်လကြာ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၆ ခုနှစ် ဇွန်လအထိ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# အားကစားနည်း ၁၆ နည်း လူငယ်လူရွယ် ၉၅၀ ဖြင့် နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်

**ဘားအံ မတ် ၈**

နွေရာသီကျောင်းပိတ်အားလပ်ရက်တွင် လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အားကစားကို စနစ်တကျ တတ်သိနားလည် လေ့ကျင့်လာစေရန် ကရင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှကြီးမှူး၍ နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်ပွဲကို ယမန်နေ့ညနေ ၃ နာရီက ဘားအံမြို့ အောင်သံလွင်အားကစားကွင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းမှလေ့ကျင့်သင်ကြားပေးသည့် အားကစားနည်းစနစ် သင်ခန်းစာများကို ကြိုးစားသင်ယူမှတ်သားပြီး ကရင်ပြည်နယ်နှင့်နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်သည့် ပြည်နယ်ဂုဏ်ဆောင်၊နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဖြစ်အောင် ကြိုးစားကြစေလိုပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များဖြစ်အောင် မိမိကိုယ်မိမိ လေ့ကျင့်ပြုစုပျိုးထောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

နွေရာသီအခြေခံ အားကစားသင်တန်းကို ဘောလုံး၊ ပြေးခုန်ပစ်၊ ဂျူဒို၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကရာတေး၊ ကြက်တောင်၊ အေရိုးဗစ်၊ မြန်မာ့ သိုင်း၊ ရိုးရာခြင်းလုံး၊ ရေကူး၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ ဗိုဗီနမ်၊ ခရစ်ကက်၊ ဟော်ကီ စသည့်အားကစားနည်း ၁၆ နည်းတွင် သင်တန်းသား သင်တန်းသူ ၉၅၀ တက်ရောက်ကြပြီး အဆင့်မီနည်းပြဆရာများဖြင့် မတ် ၁ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက သင်တန်းသားသင်တန်းသူများအား လိုက်လံတွေ့ဆုံ နှုတ်ဆက်၍ သက်ဆိုင်ရာသင်တန်းများအလိုက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

အလားတူ ကရင်ပြည်နယ်အမျိုးသမီးကော်မတီက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို "တန်းတူအခွင့်အရေး ရရှိဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်စို့" ဆောင်ပုဒ်ဖြင့် ယနေ့နံနက် ၉ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ အမျိုးသမီးများအား စွမ်းဆောင်ရည်





မြှင့်တင်ပေးခြင်း၊ ကဏ္ဍပေါင်းစုံတွင် တန်းတူညီမျှ ပါဝင်နိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှ ပေးပို့သောသဝဏ်လွှာနှင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးအဖွဲ့ဝင် အမျိုးသမီးအဖွဲ့အစည်းများ၏ အောင်မြင်တိုးတက်မှု Video Clip တို့ကို ကြည့်ရှုပြီး မူလတန်းကြိုကျောင်းများမှ ကလေးသူငယ်များနှင့် ဆရာမများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့် တက်ရောက်လာသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆည်ရေသောက်စနစ်များမှ စိုက်ပျိုးရေပေးဝေနေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် မတ် ၆ ရက်က နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ လယ်ဝေးမြို့နယ် မဒန်းဆည်ရေသောက်စနစ်နှင့် ဥတ္တရသီရိမြို့နယ် ဖောင်းလောင်ရေသောက်စနစ်များအတွင်း စိုက်ပျိုးရေပေးဝေနေမှုကို ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ လယ်ဝေးမြို့နယ် မဒန်းဆည်ရေသောက်စနစ် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက သီးနှံများ တစ်ဧကချင်း အထွက်နှုန်း တိုးတက်ရေး၊ သီးထပ်သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် သီးနှံပုံစံနှင့် စိုက်ပျိုးချိန်တူညီရေး၊ တောင်သူများ ပါဝင်သော ရေအသုံးချသူများအဖွဲ့နှင့် စိုက်ပျိုးရေး ညှိနှိုင်းအဖွဲ့များ ပူးပေါင်းညှိနှိုင်း စီမံဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် ဖောင်းလောင်ဆည် ရေသောက်ဧရိယာအတွင်း ယခုနှစ် လျာထားစိုက်ပျိုးလျက်ရှိသော နွေစပါးဧက ၅၅၀ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ယခုနှစ် စိုက်ပျိုးမည့် နွေစပါးလျာထားဧရိယာများတွင် ပုံမှန်စိုက်ပျိုးသည့် စပါးမျိုးများအပြင် ဝန်ကြီးဌာနမှ သုတေသနပြု ထုတ်လုပ်ထားသည့် အောင်နိုင်တိုး စပါးမျိုးပါသည့်အတွက်ကြောင့် အဆိုပါစပါးမျိုးမှာ အထွက်နှုန်းကောင်းခြင်း၊ ပြည်တွင်း ပြည်ပ ဈေးကွက်ဝင် အရည်အသွေးရှိခြင်း၊ ရောဂါပိုးမွှားဒဏ်ခံနိုင်ခြင်း၊ သက်လျင်စပါးမျိုး ဖြစ်ခြင်းတို့ကြောင့် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအသုံးပြု စိုက်ပျိုးသွားစေရန်အတွက် ပညာပေးသရုပ်ပြ ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအနီး ဆင်လူးငန်းစပ်ကန် ရေဝင်ရောက်မှု အခြေအနေ၊ ရေလှောင်ကန်၊ ရေတံခါးကြွခိုင်မှု အခြေအနေနှင့် နွေစပါး ၈၅ ဧကနှင့် နွေအခြားသီးနှံ ၃၅ ဧက စိုက်ပျိုးရေ ပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်း ယခုနှစ် နွေသီးနှံရာသီတွင် ဆည်၊ ကန်၊ ရေလှောင်တမံများမှ နွေစပါး ၃၉၃၇၉ ဧကနှင့် အခြား နွေသီးနှံ ဧက ၁၄၈၀၀ ကို လျာထား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ် (၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ချင်းဆက်လမ်း ဖွင့်လှစ်

**ရန်ကုန် မတ် ၈**

နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အရှည် ၄၆ မိုင်၊ ခုနစ်ဖာလုံရှိ ခရိုင်ချင်းဆက်လမ်းအမှတ် (၁) ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်က တိုက်ကြီးမြို့နယ် အဆိုပါလမ်းပေါ်ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်ဆန်းက ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများက ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယခုဖွင့်လှစ်သော ခရိုင်ချင်းဆက်လမ်းအမှတ်(၁)သည် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်)နှင့် မကွေးတိုင်းဒေသကြီး တို့ကို ဆက်သွယ်ထားပြီး စုစုပေါင်းလမ်းမိုင်အရှည် ၂၃၆ မိုင်ရှိသည်။ ရန်ကုန်-ပြည်လမ်းမကြီးနှင့် တိုက်ရိုက်ချိတ်ဆက်ထားသော လမ်းတစ်လမ်းလည်း ဖြစ်သည်။ အဆိုပါလမ်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေ၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ အထွေထွေပိုလျှံရန်ပုံငွေ တို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆန်းမင်းဦး**



## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ➢ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာခတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ➢ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည်ညဘက်နှင့် နံနက်စောစောတို့တွင် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်းစသည့် နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ➢ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ➢ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- ➢ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ➢ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ➢ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါဈေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ➢ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ➢ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ➢ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ➢ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ၂၀၂၄ အကယ်ဒမီဇာတ်ကားများ ပြန်လည်ပြသမယ့် "မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်"

*သတင်းထောက်လှဘထွန်း*

**သတင်းသမားတစ်ဦးဖြစ်တာနဲ့အညီ ၂၀၂၄ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုရရှိသူတွေနဲ့ အဘက်ဘက်မှကူညီပံ့ပိုးသူများအား ဂုဏ်ပြုညစာစားပွဲသို့ ညီနောင်မီဒီယာတွေနဲ့အတူ ညစာစားပွဲကျင်းပရာ မြဝတီမီဒီယာစင်တာသို့ ရောက်ရှိခဲ့ပါတယ်။ ဒီနေရာကို ဒုတိယအကြိမ် ရောက်ရှိခဲ့တာဖြစ်ပြီး ပထမတစ်ကြိမ်ကတော့ ရုပ်ရှင်ဇာတ်ကား Red Carpet Show ပြသတဲ့ပွဲပါ။ မြဝတီမီဒီယာစင်တာရဲ့ ခမ်းနားမှုကိုတော့ အဲဒီကတည်းက သိခဲ့ရတာပါ။ ရုပ်ရှင်ရုံရဲ့ လေအေးပေးစက်စနစ်ကောင်းမွန်တာရော၊ ရုပ်ရှင်ပိတ်ကား၊ ရုပ်ရှင်ပြစက်နဲ့ အသံစနစ်တွေ ခေတ်မီတာရော တွေ့ခဲ့ရပါတယ်။**

ဒီနေ့ည ညစာစားပွဲကတော့ မြဝတီမီဒီယာစင်တာရဲ့ ဆဋ္ဌမအလွှာ ခုနစ်ထပ်က Ballroom ခန်းမမှာကျင်းပတဲ့ အကယ်ဒမီဂုဏ်ပြုညစာစားပွဲပါ။ အချိန်စောနေတာနဲ့ မီဒီယာအဖွဲ့ကိုပေးတဲ့ ထမင်းဘူးလေးကိုယူရင်း ခန်းမနဲ့တွဲလျက် လေသာဆောင်ဝရန်တာကို ထွက်လို့ ရန်ကုန်မြို့ရှုခင်းကို ကြည့်မိပါတယ်။ လေသာဆောင်ကလည်း ကျယ်ဝန်းလှသမို့ လူ ၃၀၀-၄၀၀ လောက်ဆံ့နိုင်ပြီး ရန်ကုန်မြို့ရှုခင်းကို အပေါ်စီးက ကြည့်ရှုခံစားရင်း ညနေခင်းဆည်းဆာ ပွဲတစ်ခုအဖြစ် စိတ်ကူးယဉ်နေမိပါတယ်။

အတွေးစိတ်ကူးမဆုံးခင်မှာပဲ အကယ်ဒမီညစာစားပွဲမှာ စိန်နန်းတော်က စီစဉ်ထားတဲ့ Media Corner ကို ပြန်လှည့်ရပါတယ်။ ကိုယ့် Entertainment Media logo ပါတဲ့ MIC လေး နေသားတကျချထားပြီး အနုပညာရှင် ဖန်တီးရှင်တွေရဲ့ အကယ်ဒမီမုဒိတာစကားတွေကို တစ်ဦးပြီးတစ်ဦး ရယူရပါတော့တယ်။ ၂၀၂၄ အကယ်ဒမီဆု ၁၆ ဆုပေမယ့် ပေါင်းလိုက်တော့ ဇာတ်ကားက ခြောက်ကားပါပဲ။ ကိုယ့်တိုက်ပိုင်က အကယ်ဒမီအချက်အလက်တွေ သေသေချာချာဖတ်မှတ်ရယူဖို့ မှာကြားတော့ ကျွန်တော့်ဖုန်းထဲမှာ အသင့်ရှိပါကြောင်း၊ ဖတ်မှတ်ပြီးပါကြောင်း Viber ပေါ်ကနေ Report ပြန်လုပ်ရပါတယ်။

Media Corner မှာ အင်တာဗျူးသတင်းတွေ ရယူရသလိုပဲ အကယ်ဒမီဂုဏ်ပြုညစာစားပွဲရဲ့ အစီအစဉ်ကိုလည်း အာရုံပြုရပြန်ပါတယ်။ ညစာစားပွဲကျင်းပတဲ့ Ballroom ရဲ့ ကျယ်ဝန်းတဲ့အနေအထား၊ မီးပန်းဆိုင်းတွေရဲ့အလှက ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်တွေရဲ့ Ballroom မျိုးပါပဲ ခမ်းနားလှပါတယ်။ စတိတ်စင်မြင့်ပေါ်မှာ ကြီးမားတဲ့ LED ကြီးနဲ့အတူ အကယ်ဒမီရွှေစင်ရုပ်တုနှစ်ခုကလည်း ဘယ်ညာ ဟန်ချက်ညီ ခံ့ထည်နေပါတယ်။ တဖွဲဖွဲရောက်ရှိလာကြတဲ့ တက်ရောက်ချီးမြှင့်ကြသူတွေကို မှတ်တမ်းတင်ရင်း ခင်းကျင်းထားတဲ့ စင်မြင့်ပေါ်က စားပွဲပေါ်မှာ အကယ်ဒမီရွှေစင်ရုပ်တု ကိုးဆုရှိနေတာ ရေတွက်မိပါတယ်။ ၁၆ ဆုဆိုတော့ အကယ်ဒမီဆုရသူ ခုနစ်ယောက်ရောက်ဖို့ကျန်သေးတယ်လို့ တွက်ဆမိပြီး ၂၀၂၄ အကယ်ဒမီဆုချီးမြှင့်ပွဲအကြောင်း ဖတ်မှတ်သွားဖို့ မှာကြားချက်ကို ကျေးဇူးတင်မိနေပါတယ်။

စင်မြင့်ရဲ့ LED Board ပေါ်မှာ စိန်နန်းတော်ရတနာဆိုင်ရဲ့ ကြော်ငြာကိုလည်း မြိုင်မြိုင်ဆိုင်ဆိုင်တွေ့ရပါတယ်။ အဲဒီကြော်ငြာပြီးတော့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၄ အကယ်ဒမီဆုရ ရုပ်ရှင်ဇာတ်ကားတွေကို ပြန်လည်ပြသမယ့် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ကြော်ငြာကလည်း ရှေ့ဆင့်နောက်ဆင့် ပေါ်လာပါတယ်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ (၇၉)နှစ်မြောက်နေ့**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ (၇၉)နှစ်မြောက်နေ့ဆိုတော့ လည်း မနှစ်က ရန်ကုန် ဝင်္ကဘာလမ်းက အစည်းအရုံးပရဝဏ်ထဲမှာ ကျင်းပခဲ့တဲ့ မတ်လ ၈ ရက်နေ့က (၇၈)နှစ်မြောက်နေ့ကိုလည်း ပြန်သတိရမိတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တက်ရောက်တာကို သတင်းရယူခဲ့တာရယ်၊ နိဗ္ဗာန်ဈေးလို ဈေးတန်းတွေက မုန့်တွေစားခဲ့ရတာရယ် အမှတ်ရမိတယ်။ တစ်နှစ်ဆိုတာ မကြာလိုက်ပါလား။




ရုပ်ရှင်ကိုချစ်၊ ရုပ်ရှင်ကြည့်ရတာကြိုက်လို့လည်း Entertainment Media သတင်းသမားဖြစ်ခဲ့ရတာပါ။ အကယ်ဒမီဆုရ ဇာတ်ကားတွေ တစုတစည်းတည်း ကြည့်ရမှာဆိုတော့ သိပ်ကောင်းတဲ့အစီအစဉ်လို့လည်း ခံစားမိလိုက်ပါတယ်။ လက်ရှိရုပ်ရှင်လောကအခြေအနေကိုသိနေတော့ ရုပ်ရှင်ရုံအခက်အခဲရှိတာလည်း သိနေပါတယ်။ ရုံတင်ဖို့ တန်းစီနေရတဲ့ ဇာတ်ကားတွေကလည်း ရာဂဏန်းရှိနေတယ်လို့ ကြားသိရပါတယ်။ ရုံအခက်အခဲရှိနေတဲ့ကြားက ၂၀၂၄ အကယ်ဒမီဆုရဇာတ်ကားတွေကို ပြသမယ့် အစီအစဉ်ကောင်းတွေကို ဘယ်လိုပြမှာလဲ၊ ဘယ်ရုံမှာပြမှာလဲဆိုတာ သိချင်လာပါတယ်။

**မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်အဖြစ် ပြသသွားမှာဖြစ်**

သွားပါများခရီးရောက်၊ မေးပါများစကားရဆိုသလို ရုပ်ရှင်အစည်းအရုံးက နှံ့စပ်သူဆီ စနည်းနာရတာပေ့ါ။ ၂၀၂၄ အကယ်ဒမီ ၁၆ ဆု ချီးမြှင့်ခဲ့ပြီး ရုပ်ရှင်ဇာတ်ကား ခြောက်ကားက ရရှိခဲ့တာဖြစ်လို့ ရုပ်ရှင်ဆင်ဆာခွင့်ပြုချက်ရရှိခဲ့တဲ့ ရက်စွဲအလိုက် ဘိုးတော်ကင်း၊ ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်၊ မီး၊ နှောင်၊ အိပ်မက်ကာရန်နဲ့ တိမ်ပန်းချီ ဇာတ်ကားတွေကို တစ်ကား သုံးရက်နှုန်းနဲ့ မတ်လ ၉ ရက်နေ့မှ ၂၉ ရက်နေ့အထိ ရက်သတ္တသုံးပတ်ကြာ မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်အဖြစ် ပြသသွားမှာဖြစ်ပါတယ်။

ပြသမယ့်ရုံက Star Cinema ဖြစ်တဲ့ မြဝတီမီဒီယာစင်တာရဲ့ အဆင့်မြင့်ရုပ်ရှင်ရုံမှာ ပြသမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ရုပ်ရှင်ချစ်ပရိသတ်အတွက် အထူးအစီအစဉ်အနေနဲ့ အစည်းအရုံးရဲ့ နှစ်ပတ်လည်နေ့နဲ့ တိုက်ဆိုင်စွာ အကယ်ဒမီရဇာတ်ကားတွေ သီးသန့်ပြသတဲ့ မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်အဖြစ် စီစဉ်လိုက်ရတာလို့လည်း သိလိုက်ရတော့ စဉ်းစားစီစဉ်ပေးကြတဲ့သူတွေကိုလည်း ကျေးဇူးတင်မိပါတယ်။ ကျွန်တော်က ဒီခြောက်ကားမှာ နှောင်နဲ့ တိမ်ပန်းချီ ဇာတ်ကားရဲ့ ပရီမီယာရှိုးတွေ သွားရောက်သတင်းယူခဲ့တာမို့ အကယ်ဒမီ ဘယ်လိုတွေရတယ်လို့ သိရှိပြီးပေမယ့် ကျန်လေးကားကို မကြည့်လိုက်ရလို့ တောင့်တနေချိန်နဲ့လည်း တိုက်ဆိုင်နေပါတယ်။

ဒါကြောင့် ဇာတ်ကားတွေပြမယ့်ရက်တွေကို ဆက်ပြီးစပ်စုမိပြန်ပါတယ်။ တစ်ရက်ကို မွန်းလွဲ ၁ နာရီနဲ့ ညနေ ၄ နာရီတို့မှာ နှစ်ပွဲပြမှာဖြစ်ပြီး ၉-၃-၂၀၂၅ ရက်နေ့မှ ၁၁-၃-၂၀၂၅ ရက်နေ့ထိ ဘိုးတော်ကင်း၊ ၁၃-၃-၂၀၂၅ ရက်နေ့မှ ၁၅-၃-၂၀၂၅ ရက်နေ့ထိ ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်၊ ၁၆-၃-၂၀၂၅ ရက်နေ့မှ ၁၈-၃-၂၀၂၅ ရက်နေ့ထိ မီး၊ ၂၀-၃-၂၀၂၅ ရက်နေ့မှ ၂၂-၃-၂၀၂၅ ရက်နေ့ထိ နှောင်၊ ၂၃-၃-၂၀၂၅ ရက်နေ့မှ ၂၅-၃-၂၀၂၅ ရက်နေ့ထိ အိပ်မက်ကာရန်၊ ၂၇-၃-၂၀၂၅ ရက်နေ့မှ ၂၉-၃-၂၀၂၅ ရက်နေ့ထိ တိမ်ပန်းချီတို့ ပြမှာဖြစ်ပါတယ်။

**ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက်**
**ရသတွေ အပြည့်အဝပေးတော့မယ်**

ကျွန်တော်မကြည့်ရသေးတဲ့ ဇာတ်ကားတွေကို Entertainment News တွေအဖြစ် သတင်းရယူရင်း ကြည့်ရမယ့်ဇာတ်ကားတွေ၊ ရက်စွဲတွေ၊ ပွဲချိန်တွေကို မှတ်သားနေမိပါတယ်။ ကြည့်ရမယ့်နေရာကလည်း တစ်ကြိမ်ကြည့်ခဲ့ဖူးပြီး အစစအရာရာ ခေတ်မီပြည့်စုံလှတဲ့ ရန်ကင်း၊ ဘောက်ထော်၊ မိုးကောင်းလမ်းမပေါ်က မြဝတီမီဒီယာစင်တာရဲ့ အဆင့်မြင့်ရုပ်ရှင်ရုံမှာဆိုတော့ အကယ်ဒမီဆုရဇာတ်ကားကောင်းတွေက သွားရောက်ကြည့်ရှုဖြစ်မယ့် ကျွန်တော်အပါအဝင် ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ရသတွေ အပြည့်အဝပေးတော့မယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါလို့ သတင်းကောင်းပါးလိုက်ပါရစေတော့။ ဇာတ်ကားကောင်းတွေကို သွားရောက်ကြည့်ရှုရင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုရင်း၊ မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ကို စောင့်မျှော်နေရင်း...။

**❂ ကြည့်ရမယ့်နေရာကလည်း တစ်ကြိမ်ကြည့်ခဲ့ဖူးပြီး အစစအရာရာ ခေတ်မီပြည့်စုံလှတဲ့ ရန်ကင်း၊ ဘောက်ထော်၊ မိုးကောင်းလမ်းမပေါ်က မြဝတီမီဒီယာစင်တာရဲ့ အဆင့်မြင့်ရုပ်ရှင်ရုံမှာဆိုတော့ အကယ်ဒမီဆုရဇာတ်ကားကောင်းတွေက သွားရောက်ကြည့်ရှုဖြစ်မယ့် ကျွန်တော်အပါအဝင် ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ရသတွေ အပြည့်အဝပေးတော့မယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါလို့ သတင်းကောင်းပါးလိုက်ပါရစေတော့**

## မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၌ မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြ

**မကွေး မတ် ၈**

မီးဘေးအန္တရာယ်လုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့က မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဆောင်ရွက်ကြောင်း သိရသည်။



ရှေးဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ လျှပ်စစ်နှင့် ပတ်သက်သည့် မီးလောင်မှုအကြောင်းရင်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မီးငြိမ်းသတ်ရေးပစ္စည်းများဖြင့် မီးသတ်ဆေးဘူးကို စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် ရှင်းလင်းပြောကြားခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ပြသရာ ဝန်ထမ်းများက လက်တွေ့မီးငြိမ်းသတ်ခြင်း ဆောင်ရွက်ခဲ့ကြသည်။ **ဝင်းအိမွန်**

## တွံတေးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**တွံတေး မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မတ် ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပသည်။

ဦးစွာ တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားနှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်စိုးက သဘာဝဘေးကြောင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ အဆင့်၊ အရောင်သတ်မှတ်ထားရှိမှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ဆက်လက်၍ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တပ်ခွဲမှူး ဦးခင်မောင်ဝင်းက သဘာဝဘေးအန္တရာယ်အကြောင်း၊ မီးဘေး၊ ငလျင်ဘေး၊ လေဘေး၊ ရေဘေးအန္တရာယ်များ အကြောင်းနှင့် ကြိုတင် ပြင်ဆင်မှုဆိုင်ရာများ၊ သတင်းအချက်အလက်ဆိုင်ရာများ၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာများ ဟောပြောဆွေးနွေးခဲ့သည်။



**တွံတေးသား**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အမျိုးသမီးများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး ဆွေးနွေးပွဲကို မတ် ၅ ရက်က ကျင်းပသည်။




အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမဉ္ဇူနှင့် အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စန္ဒာဖြူးတို့က ပတ်ဝန်းကျင်ဆိုသည့် အဓိပ္ပာယ်၊ ညစ်ညမ်းခြင်းဆိုသည့် အဓိပ္ပာယ်နှင့် ညစ်ညမ်းမှုအကြောင်းအရာများ၊ အမျိုးသမီးများ ရင်ဆိုင်ရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများနှင့် ပြဿနာများ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းတွင်ပါဝင်သည့် အကြောင်းအရာများ၊ အမျိုးသမီးများ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအပေါ် ဆောင်ရွက်နိုင်မှုများကို အများပြည်သူများ သိရှိစေရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **အေးမဉ္ဇူ**

## ပုဗ္ဗသီရိမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပုဗ္ဗသီရိမြို့နယ်အတွင်း နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေ/ ပြည်ထောင်စုအထွေထွေ ပို့လျှံရန်ပုံငွေ/ ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးသွားသည့်လမ်းများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မတ် ၅ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်းတာဝန်ခံ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးထွန်းဝေက တိုင်း/ခရိုင်/မြို့နယ် တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးစေရေးတို့ကို အလေးထား ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **အောင်ကို(ဖန်ခါးမြေ)**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**



မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနတွင် မတ် ၅ ရက်က JUMP START မူကြိုကလေးငယ်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးကျော်သူက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ရှင်းလင်းဟောပြောပြီး မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်စဉ်။

ခင်စန်းမြင့်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ မတ် ၄ ရက်က မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသိန်းမင်းထွေး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြစဉ်။ စိုးသီဟ(အမရ)



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ "9-ပွိုင့်" အဆင့်မြင့်အအေးခန်းဧည့်ရိပ်သာအား မီးဘေးလုံခြုံရေးအတွက် မတ် ၇ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းတို့ စစ်ဆေးဆောင်ရွက်စဉ်။ ဝင်းကြိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ မြတ်မော်တင်ဘုရားဖူးပွဲသို့ ပြေးဆွဲသည့် ရေယာဉ်(ပိုလိုင်း)အား မတ် ၇ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိမ်းကိုကိုက ပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေး စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ ဟိန်းထက်လင်း(ပြန်/ဆက်)

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃

**ကွယ်လွန်သူ ဦးကြည် ၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးကြည်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်အေးမှန် (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ-ဦးလှဝင်း)က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၁၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကြည်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၁၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေ ဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်အေးမှန်(၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ-ဦးလှဝင်း) ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေသီဝင်း)
ခရိုင်တရားသူကြီး
အောင်မြေသာစံခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂၅

ဦးဇော်မင်း — နှင့် — ဒေါ်အေးအေးလင်း
**တရားလို** — **တရားပြိုင်**

ဆူးတပ်ကြီးကျေးရွာ၊ မြို့သစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီးနေ ဒေါ်အေးအေးလင်း (ဘ) ဦးအုန်းကြိုင် သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်မင်းက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကောင်းမြတ်နေခြည်ထူး)
ဒုတိယမြို့နယ်တရားသူကြီး (၂)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## မုံရွာခရိုင်တရားရုံးတော်
## ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၇ နှင့် ဆက်နွှယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆

ဒုတိယဗိုလ်မှူးကြီးရွှေကို(ငြိမ်း) — နှင့် — ၁။ ဦးကျော်တင့်
၂။ ဒေါ်ခင်ဝင်းတာ
**ဒီကရီအနိုင်ရသူ** — **တရားရှုံးများ**

ပုလဲမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာနေ ဦးကျော်တင့်၊ ဒေါ်ခင်ဝင်းတာ (အတူနေဇနီး) သိစေရမည်။

၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၇ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒုတိယဗိုလ်မှူးကြီးရွှေကို(ငြိမ်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်နီလာထွန်း)
ဒုတိယခရိုင်တရားသူကြီး(၁)
မုံရွာခရိုင်တရားရုံး

## ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန်အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန်ချိန်းဆိုသောနေ့ရက်ကို အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## သန်လျင်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ ဇာရီမှုအမှတ်-၄၃
## ၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁

ဒေါ်တင်တင်ဝင်း — နှင့် — ဒေါ်ခင်စန်းလွင်
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်ခင်စန်း)
**(ဒီကရီအနိုင်ရရှိသူ)** — **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ သန့်စင်လမ်း၊ အမှတ် (၃၂) နေ တရားရှုံး ဒေါ်ခင်စန်းလွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်ပါအမှုတွင် ရန်ကုန်တိုင်း ဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၂၅)လမ်း၊ အမှတ် (၂၈၂/၂၈၃)၊ အကျယ် (၄၀ ပေ x ၆၀ ပေ) (၂)ကွက်တွဲ၊ စုစုပေါင်း(၈၀ ပေ x ၆၀ ပေ) အကျယ်ရှိ (၂) ကွက်တွဲ မြေကွက်နှင့် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူ ဒေါ်တင်တင်ဝင်းက လျှောက်ထားသောကြောင့်၊ ရောင်းချမည့် အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက် မွန်းမတည့်မီ (၁၁:၀၀) နာရီ အချိန်ချိန်းဆိုပြီးဖြစ်သည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ကိုကို)
ဒုတိယခရိုင်တရားသူကြီး(၄)
သန်လျင်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၃

ဒေါ်အိအိစိုး — နှင့် — ဦးအောင်ဇော်
**တရားလို** — **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၅၇-လမ်း၊ ၁၀၃ x ၁၀၄ လမ်းကြား၊ ကံသာယာရပ်ကွက်နေ ဦးသိန်းထွန်း ၏ သားဖြစ်သူ ဦးအောင်ဇော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်အိအိစိုးက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၃)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မဂျီဂျာဆိုင်းပန်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/99035 Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထိုက် ၉/ခမစ(နိုင်)၁၁၀၁၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/8724 Toyota Mark II GX110, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဘဟန် ၁၃/ကမန(နိုင်)၀၆၆၆၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-က/၃၆)၊ ၁၁၃.B လမ်း၊ ၄၇ x ၄၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်၏ (SP ရရှိသူ ဦးအောင်ကျော်စိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၂/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မိုးမြင့်အောင် ၉/ခအဇ(နိုင်)၀၀၂၉၀၂၊ ဒေါ်မေသန္တာအောင် ၉/ခအဇ(နိုင်)၀၁၆၇၆၇ တို့က အမှုတွဲအမှတ် (၆၉၂၃/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/41681 SUZUKI SMASH 112 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/19806 Honda C-90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ပြုံးထိုက် ၉/အမဇ(နိုင်) ၀၀၉၁၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/48461 Sumbo Star 125 ယာဉ်လက်ဝယ်ရှိသူ ဦးယာတိုး ၉/ပသက(နိုင်) ၁၀၈၉၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-က/၃၁)၊ ၁၁၃.A လမ်း၊ ၄၇ x ၄၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်၏ (SP ရရှိသူဦးအောင်ကျော်စိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၈/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်ဇော်(ခ)ဦးဇော်ဇော်အောင် ၁၃/လရန(နိုင်)၀၁၄၁၁၅ က အမှုတွဲအမှတ် (၆၉၂၂/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-က/၄၆)၊ ၁၁၃.Bလမ်း၊ ၄၇ x ၄၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်၏ (SP ရရှိသူ ဦးအောင်ကျော်စိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၉/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးနိုင်ဦး ၉/သပက(နိုင်)၀၄၇၅၄၃ က အမှုတွဲအမှတ် (၆၉၂၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-ခ/၇)၊ ၁၁၃.B လမ်း၊ ၄၇ x ၄၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်၏ (SP ရရှိသူ ဦးအောင်ကျော်စိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၁/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မိုးသန္တာထွေး ၉/မကန(နိုင်)၀၆၄၇၁၈ က အမှုတွဲအမှတ် (၆၉၂၅/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-ခ/၃၁)၊ ၁၁၃.C လမ်း၊ ၄၇ x ၄၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်၏ (SP ရရှိသူဦးအောင်ကျော်စိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၇/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စွမ်းရည်သာ ၉/ခအဇ(နိုင်)၀၁၈၈၄၉ က အမှုတွဲအမှတ် (၆၉၂၆/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-ခ/၃၉)၊ ၁၁၃.B လမ်း၊ ၄၇ x၄၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်၏ (SP ရရှိသူ ဦးအောင်ကျော်စိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၃/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးသက်သူရဝင်း ၁၂/ဥကတ(နိုင်)၀၀၀၉၆၀ က အမှုတွဲအမှတ် (၆၉၂၇/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 63W/20941 CANDA 125 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/81841 Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၉/စကန(နိုင်)၀၇၅၁၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6R/2616 FORD F150, P/U(4x4) open cab ယာဉ်လက်ဝယ်ရှိသူ ဒေါ်လေးယင်ယင် ၁/ဗမန(နိုင်)၀၆၇၈၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/8434 Honda Fit Shuttle, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းဦး ၁၂/မရက (နိုင်)၁၅၈၈၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-က/၂၀)၊ ၁၁၃.A လမ်း၊ ၄၇x၄၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်၏ (SPရရှိသူ ဦးအောင်ကျော်စိုး) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၇၀/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မာလှိုင် ၆/ရဖန (နိုင်)၀၄၄၇၁၂ က အမှုတွဲအမှတ် (၆၉၂၁/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

# ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ပွဲ

# ကုသိုလ်ပြုနိုင်ရေးနှိုးဆော်လွှာ



ဒါနကုသိုလ်ပြုမယ်

ရွှေတိဂုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း

70349401001

Call Center : 3211

www.kbzpay.com

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ သဒ္ဓါကြည်လင် ပါရမီရှင်များမှ သဒ္ဓါတရားနည်းများမဆို ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန်အတွက် ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းအစီအစဉ်တွင် KBZ Pay မှလည်း QR Code ဖတ်၍ကုသိုလ်တော်ပါဝင်၍ လှူဒါန်းနိုင်ပါကြောင်းနိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော် အပ်ပါသည်။

## မေတ္တာရပ်ခံပန်ကြားခြင်း

၁။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်-၄၅၅ရှိ "ဟာဂျီမ ဆရာမကြီး ဝဏ္ဏကျော်ထင် ဒေါ်စောရွှေ" ဦးဆောင်ထူထောင်ခဲ့သော "မွတ်စလင် အမျိုးသမီးသာသနာ့ရိပ်သာ" (ဇီနသ်အစ္စလာမ် မိန်းကလေးများ ကျောင်း)သည် မိဘမဲ့/ခိုကိုးရာမဲ့နေသည့် မွတ်စလင်မိန်းကလေးငယ်များကို တာဝန်ယူကျွေးမွေးစောင့်ရှောက်ကာ သာသနာ့ပညာနှင့် သက်မွေးဝမ်းကျောင်း ပညာများကို သင်ကြားပေးခြင်း၊ အစိုးရအခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှသည် တက္ကသိုလ်အဆင့်ဘွဲ့ရသည်အထိတက်ရောက် သင်ကြားစေခြင်း စသည်ဖြင့် ၎င်းတို့၏ဘဝလုံခြုံအေးချမ်း၍ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

၂။ ၎င်း "မွတ်စလင်အမျိုးသမီးသာသနာ့ရိပ်သာ" ရှိ မိဘမဲ့/ခိုကိုးရာမဲ့ နေသည့် မွတ်စလင် မိန်းကလေးငယ်(၆၀)ဦး၏ လိုအပ်ချက်များအတွက် စေတနာရှင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုများ လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်း တို့၏ (လိလ္လာဟ်၊ ဇကားသ်၊ ဖိသ်ရဟ်) အလှူငွေများကို ပေးပို့လှူဒါန်းကြပါရန် လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**မွတ်စလင် အမျိုးသမီး သာသနာ့ရိပ်သာ အုပ်ချုပ်ရေးကော်မတီ**

ဖုန်း-၀၁၈-၃၇၃၈၇၈ ၊ ၀၉-၅၁၄၁၈၅၄ ၊ ၀၉-၅၁၃၅၆၉၀

K-pay No. ၀၉-၇၅၅၄၃၅၉၅၂

UAB Bank-Account Name- Muslim Girls Center

Special Account -050070100002605

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံ မြို့နယ်၊ ပြည်ကြီးကျက်သရေအနောက် ရပ်ကွက်၊ အကွက်အမှတ် ၁၇၀၊ ဦးပိုင်အမှတ် ၃၉-ဆ/၈၄ A လမ်း၊ ၂၄ x ၂၅ ကြားရှိ ဦးကြည်မောင်အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်(၇၃၁/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်သန်းသန်းဝင်း ၉/မနမ(နိုင်) ၀၉၃၄၆၆၊ ဒေါ်မူမူသန်း(ခ) ဒေါ်သန်း သန်းဦး ၉/မနမ(နိုင်)၀၉၃၄၆၃၊ ဦးကျော်သန်းဌေး ၉/မနမ(နိုင်)၀၉၃၄၆၅၊ ဒေါ်နုနုကြည် ၉/မနမ(နိုင်)၀၉၃၄၆၄၊ ဦးဟိန်းထက်အောင် ၉/ခအဇ(နိုင်)၀၁၁၁၀၈၊ ဦးသန်းထွန်းအောင် ၉/ခအဇ(နိုင်)၀၁၁၁၀၉၊ ဦးရဲထွန်းအောင် ၉/ခအဇ(နိုင်)၀၁၈၄၁၇၊ ဒေါ်မွန်မြတ်သန့်စင်အောင် ၉/အမဇ (နိုင်)၀၃၇၄၁၉ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၃၄၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်မင်းထွေး(ခ)အူမား ဖာရွတ် ၁၂/ပဘတ(ဧည့်)၀၀၀၁၆၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၃၂)၊ ဦးပိုင်အမှတ်(၄၁)၊ ၄၁ x ၄၂ ကြား၊ ၅၆ x ၅၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလွင်ကိုထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၃၉၄၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွဲ့ရီဝင်း ၁/မညန(နိုင်) ၀၉၀၆၈၄ က အမှုတွဲအမှတ် (၆၈၉၈/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ကက-၅၊ ဦးပိုင်အမှတ် ၂၉/၅၅x၅၆ ကြား၊ ၁၀၁x၁၀၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ PUNAM(ခ)YAMIN ၁၂/ပဘတ (ပြု)၀၀၀၆၁၇ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၄၂၈၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အားချင် ၁၃/လရန(နိုင်)၁၁၇၈၃၀က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက် အမှတ် (၇၀၈)၊ ဦးပိုင်အမှတ်(၅၈)၊ ၃၂ x ၃၃ ကြား၊ ၇၃ x ၇၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်အေးမြင့် ၉/မရမ(နိုင်)၀၂၆၄၅၆ ၏ (SP ရရှိသူ ဦးလင်းလင်းထူး)က အမှုတွဲအမှတ်(၆၈၈၇/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက် အမှတ် ၄၁၇၊ ဦးပိုင်အမှတ် ၈၃-င ခဲစင်းအရှေ့ခြမ်း၊ ၁၉x၂၃ ကြား၊ ၆၀x၆၂ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမင်းထွဋ် ၉/မကန(နိုင်) ၀၀၀၈၀၇၊ ဒေါ်ထားသက်ဝေ ၉/မကန(နိုင်)၀၀၀၆၈၁တို့က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6I/1700 TOYOTA DYNA XZU 306 L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းထွန်း ၁၃/ရငန(နိုင်)၀၅၀၉၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/63550 WANQIANG 125 M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်ဝေဝေခိုင် ၉/မနမ (နိုင်)၁၁၃၂၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဧယ/၁၉၀၅၅ Honda Scoopy 110 ယာဉ်လက်ဝယ် ရှိသူ ဦးဇင်ဝေထက် ၉/ခမစ(နိုင်) ၀၂၉၆၉၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9B/3830 ယာဉ် လက်ဝယ်ရှိသူ ဦးမြင့်မြတ်ညီမိုး ၉/မထလ(နိုင်)၂၃၉၇၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(ကျောက်ဆည်)**

## မွန်ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက်ရှိ မြေဧရိယာ(၁၇.၆၃၆) ဧကပေါ်တွင် အိမ်ရာမြေကွက်ဖော်ထုတ်ခြင်းအား ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင် ကုမ္ပဏီများအနေဖြင့်.အောက်ပါအတိုင်း စိတ်ဝင်စားမှု အဆိုပြုလွှာတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **အဆိုပြုလျှောက်လွှာ ရောင်းချမည့်ရက်မှ အချိန်၊ နာရီ** - (၁၀-၃-၂၀၂၅)ရက်(တနင်္လာနေ့) (၃-၄-၂၀၂၅)ရက်(ကြာသပတေးနေ့) အထိ(ရုံးချိန်အတွင်း)

(ခ) **အဆိုပြုလျှောက်လွှာ တန်ဖိုး** - (၅၀၀၀၀)ကျပ်

(ဂ) **အဆိုပြုလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် နေ့ရက် အချိန်၊ နာရီ** - (၄-၄-၂၀၂၅)ရက်၊ (သောကြာနေ့) (၁၆:၃၀)နာရီ

(ဃ) **နေရာ** - မွန်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၊ ကျိုက္ခမီလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့

၂။ တင်ဒါခေါ်ယူမှုနှင့်စပ်လျဉ်း၍ ယှဉ်ပြိုင်သည့်ကုမ္ပဏီမှသာ သိစေအပ်သည့် အသေးစိတ်အချက်အလက်များကို အခြားလူပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းသို့ ထုတ်ဖော်ပြောဆိုခြင်းမပြုပါကြောင်း သဘောတူညီချက်တင်ပြမှုဖြင့်လျှောက်လွှာရောင်းချပေးမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာတင်သွင်းသူများထံ အဆိုပြုလွှာဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်းကြားပေးပါမည်။

၄။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉-၅၂၃၂၂၅၂ နှင့် ၀၉ ၄၂၀၇၀၁၉၆၀သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် ရ-၂/ပဒေသာ၊ ဦးပိုင်အမှတ်(၇၀၊ ၇၁)၊မြေဧရိယာ ၀ဒသမ ၁၁၀ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ချောစုမိုး ၁၀/ခဆန(နိုင်)၀၃၆၈၆၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ မပြည့်ဖြိုးဆွေ ၇/ပတတ(နိုင်)၁၀၅၆၅၂သည် **ထွန်း သောက်ရေသန့်** အမည်လုပ်ငန်းအမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံအတွင်း ရေသန့် ထုတ်လုပ်ရောင်းချလုပ်ကိုင်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ အမည်တူရှိပါက (၁)ပတ်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးအပ်ပါ သည်။

**မပြည့်ဖြိုးဆွေ ၇/ပတတ(နိုင်) ၁၀၅၆၅၂၊**
**မှတ်တိုင်ရွာ၊ မှတ်တိုင်အုပ်စု၊ ပေါင်းတည်မြို့နယ်။**
**ဖုန်း-၀၉-၅၃၇၆၁၁၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/91625, Honda-C-90,Custon CMP ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး ၉/မနတ(နိုင်)၀၀၀၃၂၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/11910, WANQIANG-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဇော် ၁၃/ကလန(နိုင်) ၀၀၀၉၉၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

